ကြေးမုံ
The Mirror
၁၉၅၇ ဖေ့ြ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့၊ (24-3-2016) (၈၅၁၅)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

နေပြည်တော် မတ် ၂၃

၂၀၁၆ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့ မဟာဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲကိုကျင်းပရာ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော် ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂုဏောသနက သမ္ဗောဒနီယဩဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ✻



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိ စာသင်တိုက်(ကျိုက်ပိ) ဆရာတော် ဘဒ္ဒန္တဂုဏောသနအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

ယနေ့

## မာတိကာ

ဝမ်းမြောက်သာစုခေါ်ဆိုကြမည်

စာမျက်နှာ » ၂

---

မြတ်စွာဘုရားရှင်၏ တရားဓမ္မများအား သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ခြင်း

စာမျက်နှာ » ၆



ကြေးမုံ စာ တည်း ရှု ဒေါင့် ၂၄-၃-၂၀၁၆၊ ကြာသပတေးနေ့

# ဝမ်းမြောက်သာခုခေါ်ဆိုကြမည်

မြန်မာတို့သည် “ပူဇာစ ပူဇနေယျာနံ” မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့အားဂုဏ်ပြုခြင်း၊ ပူဇော်သင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား ပူဇော်ခြင်းစသည့် ကောင်းမြတ်သည့် အမှုတို့ကို ပြုလေ့ရှိကြပါသည်။ မင်္ဂလာတရားနှင့်အညီ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့ကို ပူဇော်ကော်ရော်ခဲ့ကြသည်မှာ မြတ်စွာဘုရားရှင် လက်ထက်ကတည်းကဖြစ်သည်။

ရှေးအစဉ်အလာမပျက် ကျင်းပလေ့ရှိသည့်ပွဲတော်များအနက် ရွက်ဟောင်းကြွေ၊ ရွက်နုဝေသည့် နွေအကူးအပြောင်း တပေါင်းကာလအချိန်အခါကာလ၌ ဗုဒ္ဓပူဇနိယပွဲတော်များနှင့်အတူ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကြီးများကို ဘုရားရှင်လက်ထက်မှ မျက်မှောက်ကာလအထိတိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပါသည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ သာသနာတော်ဆိုင်ရာကိစ္စရပ်များတွင် အခြားပုဂ္ဂိုလ်များထက် သာလွန်ထူးကဲအောင် စွမ်းဆောင်နိုင်မှုဂုဏ်ရည်ရှိသူ ပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ရဟန်းတော်များနှင့် ဘိက္ခုနီများ၊ ဒါယကာ၊ ဒါယိကာမများအား ဧတဒဂ်ဘွဲ့တံဆိပ်တော်များ ချီးမြှင့်တော်မူခဲ့ပါသည်။ ယင်းနောက်တွင် မြတ်စွာဘုရား၏ ထူးခြားသည့်ချီးမြှောက်မှုအစဉ်အလာကောင်းကို တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများ၊ တိုင်းပြည်အကြီးအကဲများက ဆက်လက်ချီးမြှောက်ပူဇော်ခဲ့ကြပါသည်။

နိုင်ငံတော်နှင့် ပြည်သူပြည်သားအပေါင်းတို့က နှစ်စဉ် တပေါင်းလပြည့်နေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားများ ကျင်းပခြင်း၊ ထိုသို့ ကျင်းပပြီးနောက် ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းစသည့်ကောင်းမြတ်သည့် သာသနာ့အစဉ်အလာကို နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ ပြည်သားတို့က ကုသိုလ်ကောင်းမှုပြုကြခြင်းသည် “ပူဇာစ ပူဇနေယျာနံ” ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းမြောက်ပေသည်။

မြတ်စွာဘုရားရှင်ညွှန်ပြတော်မူခဲ့သော ဤကောင်းသောအမှုကုသိုလ်အစုစုတို့ကို ပြည်သူ ပြည်သားအပေါင်းတို့ကိုယ်စား ကျင်းပပြုလုပ်ခြင်းဖြစ်၍ တစ်နိုင်ငံလုံးနှင့်ဆိုင်သော ကုသိုလ်ပွဲဖြစ်ရာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က သာခုခေါ်ဆိုရမည်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့ဟူသည် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများကို ပြုလုပ်ပြီးသောအခါတိုင်း၌ ပြုလုပ်ခဲ့သော ကုသိုလ်အဖို့ဘာဂကို အမျှအတန်းပေးဝေလေ့ရှိကြသည်။ အမျှဝေခြင်းကို ပတ္တိဒါနကုသိုလ်ဟုခေါ်ဆိုကြပြီး လှူဒါန်းသူတို့ပေးဝေသောကုသိုလ်အမျှကို ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ဆိုခြင်းကို ပတ္တာနုမောဒနကုသိုလ်ဟု ခေါ်ဆိုကြသည်။ တရားတော်တွင် ကုသိုလ်အဖို့ဘာဂကို သာခုခေါ်ရုံမျှဖြင့် ကွယ်လွန်သည့်အခါ နတ်ပြည်သို့ရောက်နိုင်ကြောင်းဖော်ပြထားသည်။ ကုသိုလ်ကောင်းမှု ပြုလုပ်ပေးနိုင်သူတို့က အမျှပေးဝေကြမည်ဖြစ်သလို ကုသိုလ်ကို ကိုယ်တိုင်မပြုလုပ်နိုင်သူတို့ကလည်း သာခုခေါ်ဆိုရုံမျှဖြင့် ကောင်းသောဘုံဘဝသို့ရောက်နိုင်သည်မှာ ထူးခြားသည့်ကောင်းသောအမှုဖြစ်သည်။

ယနေ့ နိုင်ငံတော်ကဦးဆောင်၍ ကောင်းသောအမှုကိုပြုခဲ့ကြသည်။ မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံလှသည်။ ကြီးမြတ်သော ကောင်းသောအမှုကို ကျွန်ုပ်တို့အားလုံး သာခုခေါ်ဆိုခြင်းဖြင့် ကောင်းသောဘုံဘဝကို တက်လှမ်းနိုင်မည့် အခွင့်အလမ်းကို ရယူကြသင့်သည်။ ယနေ့ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်အပေါင်းတို့အား ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်တကွ စေတနာရှင်၊ အလှူရှင်များနှင့် ဝေယျာဝစ္စဆောင်ရွက်ပေးကြသူများက တန်ဖိုးများသော ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို သဒ္ဓါတရားထက်သန်စွာဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထိုကဲ့သို့ ပြုသမျှကုသိုလ်ကောင်းမှုအပေါင်းတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းအမှန် အထောက်အပံ့ကောင်းများဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ဝမ်းမြောက်ပီတိ သာခုအနုမောဒနာခေါ်ဆိုကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ကျေးရွာအပေါ်ထိခိုက်မှုမရှိနိုင်သည့် နေရာများတွင်သာ မြစ်ကျောက်များစုပ်ယူထုတ်လုပ်ရန် ဒေသခံများလိုလား



မြစ်ကျောက်များ စုပ်ယူနေသည့် လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

**မြန်အောင် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း ထိစပ်စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်ကမ်းကျေးရွာများဖြစ်သော ပဲတခွဲကျေးရွာအုပ်စုအတွင်းရှိ အလယ်ကျွန်းရွာ၊ ညောင်ဝိုင်းအုပ်စု၊ သုံးဆယ်ကျွန်းကျေးရွာများမှ ဒေသခံများက ကျေးရွာများအနီး မြစ်သဲကျောက်ထုတ်လုပ်မှုကြောင့် ဖြစ်ပေါ်လာသည့်အကျိုးအပြစ်များအား စုပေါင်းဆွေးနွေးပွဲကို မတ် ၂၁ ရက်က မြန်အောင်မြို့နယ် ညောင်ဝိုင်းအုပ်စု သုံးဆယ်ကျွန်း (၂)ရပ်ကွက် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် သုံးဆယ်ကျွန်းရွာမှ ဦးခင်လှက ကျေးရွာအနီးနှစ်စဉ်မြစ်ကြောင်းပြောင်းလဲစီးဆင်းနေသော ဧရာဝတီမြစ်အတွင်း ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဘက်မှ ကျောက်လုပ်ကွက်များကြောင့် တွေ့ကြုံခံစားနေရသည့် အကျိုးအပြစ်များ၊ ကမ်းပြိုကမ်းစား မထိခိုက်နိုင်သည့်နေရာလုပ်ကွက်များ၊ ဒေသခံကျေးရွာများ အကျိုးရှိစေမည့် နည်းလမ်းများဆောင်ရွက်ပေးသည့် လုပ်ငန်းများဖြစ်စေလိုကြောင်းနှင့် ကျေးရွာအပေါ်ထိခိုက်မှုမရှိနိုင်သည့် နေရာများတွင်သာ မြစ်ကျောက်များ စုပ်ယူထုတ်လုပ်ရန် ဒေသခံများက လိုလားကြောင်းရှင်းပြခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာကိုယ်စားလှယ်များက လုပ်ကွက်နေရာအပေါ်အခြေခံ၍ ကျောက်များစုပ်ယူထုတ်လုပ်နေသဖြင့် ရွာအနီးဝန်းကျင်တွင် မြေပြိုခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းခွင်များပျက်စီးခြင်း၊ အထူးသဖြင့် မိုးညိုမြို့နယ်ရှိ လုပ်ကွက်များမှာ မြစ်ကြောင်းစီးဆင်းမှုအရ မိမိတို့ကျေးရွာအနီးသို့ရောက်ရှိနေခြင်း၊ မြန်အောင်မြို့နယ်ရှိ အိမ်ခြေ ၂၀၀ ဝန်းကျင်ရှိ ရေလယ်ကျွန်းရွာကဲ့သို့တချို့မှာ ပဲခူးတိုင်းဒေသကြီးသို့ မြစ်ကြောင်းအရ ပါသွားသဖြင့် စီးပွားရေးအရ မဆင်မခြင် မြစ်ကျောက်ထုတ်ယူနေမှုများကြောင့် ကမ်းပြိုကမ်းစားဒဏ်ကို ပိုမိုခံစားရသလို လူမှုရေးပြဿနာများစွာ ကြုံတွေ့ခံစားရသဖြင့် သက်ဆိုင်ရာမှ ကွင်းဆင်း ဆောင်ရွက်ပေးစေလိုကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါကျေးရွာဒေသများမှာ နှစ်စဉ်မြစ်ရေဝင်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ထိစပ်သောနေရာတွင် ရှိနေသည့် ဧရာဝတီမြစ်၏ နှစ်စဉ်ပြောင်းတတ်သောဧရိယာဖြစ်နေကာ အငြင်းပွားဖွယ်မြေနေရာပိုင်ဆိုင်မှုနှင့် မြစ်ကြောင်းအပေါ်မူတည်၍ ပဲခူးတိုင်းဒေသကြီးဘက်သို့ ပါသွားသကဲ့သို့ ရှိနေသော မြန်အောင်မြို့နယ်မှ ကျေးရွာအချို့လည်းရှိနေကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# ဇန်းမောက်မြို့နယ်အတွင်း ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**ဇန်းမောက် မတ် ၂၃**

ပူပြင်းသည့်နွေရာသီတွင် ရေရှားပါးသည့် ကျေးရွာများ၌ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်အတွင်းရှိ ကျွဲကောကုန်းကျေးရွာသို့ မတ် ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနက သောက်သုံးရေများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

“လတ်တလောမှာ တစ်နိုင်ငံလုံးနီးပါး အပူရှိန်တွေမြင့်တက်လာတော့ ရေအတွက်စိတ်ပူရပြီ။ ရွာထဲမှာ လက်တူးရေတွင်းခုနစ်တွင်းရှိပေမယ့်လည်း သုံးတွင်းပဲ ဒီအချိန်မှာ သုံးလို့ရတယ်။ တစ်ရွာလုံးအနေအထားနဲ့ ကျတော့ သိပ်မလွယ်တော့ဘူး။ ဒီသုံးတွင်းကလည်း အရင်နှစ်တွေကထက် ရေပမာဏနည်းလာပြီး တစ်ရွာလုံးအနေအထားနဲ့ဆိုတော့ သောက်ရေ၊ သုံးရေအတွက် အခက်အခဲရှိလာပြီ။ အခုလို အခက်အခဲဖြစ်ပေါ်နေတဲ့အချိန်မှာ မြို့နယ်မီးသတ်ဦးစီးဌာနကနေပြီး သောက်သုံးရေလာရောက်လှူဒါန်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်” ဟု ကျေးရွာမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ကျွဲကောကုန်းကျေးရွာသည် ဇန်းမောက်မြို့နှင့် တစ်မိုင်ခွဲခန့်ဝေးကွာပြီး အိမ်ခြေ ၈၅ အိမ်၊ လူဦးရေ ၆၅၀ ကျော်နေထိုင်ကြပြီး အဆိုပါကျေးရွာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်နှစ်စီးဖြင့် ရေများလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

○○



# အခြေခံတိရစ္ဆာန်ကျန်းမာရေး သင်တန်းဖွင့်

**တံတားဦး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှကြီးမှူး၍ အခြေခံတိရစ္ဆာန်ကျန်းမာရေးသင်တန်းကို မတ် ၂၂ရက် နံနက်ပိုင်းက တံတားဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ခဲ့သည်။

အခြေခံတိရစ္ဆာန် ကျန်းမာရေးသင်တန်းတွင် ကျွဲ၊ နွားများတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ ကူးစက်ရောဂါများအကြောင်းနှင့် အခြေခံတိရစ္ဆာန်ကျန်းမာရေးအသိပညာများကို ပို့ချခဲ့သည်။ **တင်တင်ထွေး(စဥ့်ကိုင်)**

# စာကြည့်တိုက်များ၏ဝန်ဆောင်မှုများ မြှင့်တင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**သထုံ မတ် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် ကျေးလက်စာကြည့်တိုက်များ၏ ဝန်ဆောင်မှုများ မြှင့်တင်နိုင်ခြင်းအားဖြင့် စာဖတ်သူများ တိုးပွားလာနိုင်စေရန်အတွက် မတ် ၂၂ ရက် နံနက်ပိုင်းက သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် သထုံမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များ ပူးပေါင်းကာ စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဦးက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ စုစုပေါင်း ၃၆ ဦးက စာဖတ်သူတိုးပွားရေး၊ ဝန်ဆောင်မှုများ မြှင့်တင်ရေးနှင့် ကျေးလက်စာကြည့်တိုက်များ ရင်ဆိုင်နေရသည့် အခက်အခဲများတို့ကို အဖွဲ့လိုက်ပူးပေါင်းဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိုင်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

**❋ ရှေ့ဖုံးမှ**

ထို့နောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ ဝေဠုဝန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလနှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် (ကျိုက်ပိ)ဆရာတော် ဘဒ္ဒန္တဂုဏောသနတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယနှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဒုမာဘိဝံသတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ချမ်းသာကြီးကျောင်းတိုက် သာသနာ့ဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တပညိဿရာဘိဝံသနှင့် တိပိဋကရေဓမ္မာဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာသုဗောဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရှမ်းပြည်နယ် လားရှိုးမြို့ ကန်မိန်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တမုနိန္ဒနှင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမနတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နတ်မှော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တညာဏိဿရနှင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ◗**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**◆ ၈ မိုင်မှ**

ခုံးကျော်တံတားသစ်အား တည်ဆောက်ခြင်းဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းဆုံရာဖြစ်သော ပြည်လမ်းမကြီးပေါ်တွင် တည်ရှိသည့် အဆိုပါခုံးကျော်တံတားသစ်၏ ပင်မတံတားအရှည် ၄၆၅ မီတာနှင့် ချဉ်းကပ်တံတာအရှည်မှာ တံတားသစ်၏ တစ်ဖက်တစ်ချက်စီ၌ မီတာ ၃၀ စီပါဝင်ကာ ပင်မနှင့် ချဉ်းကပ်တံတားအရှည်မှာစုစုပေါင်း ၅၂၅ မီတာရှိသည်။ ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ်၏ ယာဉ်သွားလမ်းအကျယ် ဖွဲ့စည်းထားပုံမှာ တံတား၏ အဖြောင့်နေရာတွင် ၁၃ ဒသမ ၄ မီတာ (လေးလမ်းသွား)ဖြစ်ပြီး တံတား၏ အကွေ့နေရာတွင် ၁၄ ဒသမ ၅ မီတာ (လေးလမ်းသွား) ဖြစ်ကြောင်း သိရသည်။

တံတားသစ်၏ အမျိုးအစားမှာ သံမဏိသံပေါင် ( Steel Plate + Steel Box Girder) အမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန် အလေးချိန်မှာ ၇၅ တန်ခံနိုင်ရည်ရှိကာ တံတားကင်းလွတ်အမြင့်မှာ ၈ မိုင်လမ်းဆုံနေရာ၌ ခြောက် မီတာရှိကြောင်း သိရသည်။ တံတားသစ်၏ အုတ်မြစ်အမျိုးအစားမှာ ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး အချင်း ၁ ဒသမ ၂ မီတာရှိသည်။ ပင်မတံတားအရှည်တွင် ကွန်ကရစ် RC တိုင် ၁၄ တိုင်ရှိပြီး ကမ်းကပ်ခုံနှစ်ခုပါဝင်ကာ ချဉ်းကပ်တံတားတိုင်များ၏ တစ်ဖက်တစ်ချက်စီ၌ ကွန်ကရစ် RC တိုင် လေးတိုင်စီနှင့် ကမ်းကပ်ခုံတစ်ခုစီ ပါဝင်ကြောင်း သိရသည်။

အဆိုပါ မရမ်းကုန်းမြို့နယ်ရှိ ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ်မှာ လေးလမ်းသွားတံတားဖြစ်လာသည့်အတွက် ရန်ကုန်မှအပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေယာဉ်ကွင်းသို့ လည်းကောင်း၊ ရန်ကုန်မြို့မှ အထက်မြန်မာပြည်အား ဆက်သွယ်ထားသည့် အမြန်လမ်းမကြီးသို့လည်းကောင်း ယာဉ်များ တောက်လျှောက်ဖြတ်သန်းသွားလာနိုင်ကြတော့မည် ဖြစ်ပြီး အဆိုပါ ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ်စီမံကိန်း (8 Miles Junction Flyover Bridge)စတင်ရန်အတွက် ပြီးခဲ့သည့် စက်တင်ဘာ ၉ ရက်က အုတ်မြစ်တူးဖော်ခြင်းနှင့် ဘိုးပိုင်တူးဖော်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ပွင့်သစ္စာ)**

# ညောင်တုန်းမြို့၌ ဆွမ်းဆန်တော်စုပေါင်းလောင်းလှူ

**ညောင်တုန်း မတ် ၂၃**

ညောင်တုန်းမြို့ ရှေးဟောင်းသမိုင်းဝင် မြို့ဦးမိုးဟုတ်စေတီတော်မြတ်ကြီး၏ အကြိမ်(၁၅၀)မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်ကြီးရင်ပြင်၌ကျင်းပရာ ညောင်တုန်းမြို့နယ်သူ မြို့နယ်သားများ၊ ရန်ကုန်မြို့ရောက် ညောင်တုန်းမြို့နယ် အသင်းသားများ၊ စေတနာရှင် အလှူရှင်များက သံဃာတော်အရှင်သူမြတ်အပါး ၃၀၀ ကျော်နှင့် သီလရှင် ၂၅ ပါးကျော်တို့အား ဆွမ်းဆန်တော်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆေးဝါး၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့် သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။ (သတင်းစဉ်)

◗ စာမျက်နှာ ၃ မှ

လှည်းဆိပ်စံပြကျေးရွာ မနောဟရီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလတို့အားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ မြန်မာဗုဒ္ဓဘာသာကျောင်းတိုက် ဉာဏာဝါသဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိသာရနှင့် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဗုဒ္ဓဂယာမြန်မာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ကမ္မဋ္ဌာနာစရိယ၊ သဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရနှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်များရရှိကြသည့် ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီးဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှတို့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော် ရရှိကြသူများအား ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ပေးအပ်ကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရ ဦးကျော်ခင်မြင့်နှင့် သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးစိုးသိမ်းနှင့် ဦးစိုးနိုင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က သီဟသုဓမ္မမဏိဇောတဓရ၊ သုဓမ္မမဏိဇောတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိကြသူများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး နန့်ကြင်ကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော်ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီနှင့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသူများအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် ရန်ကုန်တိုင်းဒေသကြီးသန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❋

# (၆၇) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ပွဲတော် ရန်ကုန်တွင်ကျင်းပ



**ရန်ကုန် မတ် ၂၃**

မတ် ၂၃ ရက် (တပေါင်းလပြည့်နေ့)တွင် ကျရောက်သော ပအိုဝ်းတစ်မျိုးသားလုံး၏ နေ့ထူးနေ့မြတ်ဖြစ်သည့် (၆၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တောင်ကြီးပရိယတ္တိစာသင်တိုက်၌ ယနေ့နံနက် ၈ နာရီမှစတင်ကာ စည်ကားစွာကျင်းပခဲ့သည်။

ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် သုဝဏ္ဏဘူမိ သထုံပြည်ကို အုပ်ချုပ်ခဲ့သော သထုံမြို့ ရွှေစာရံစေတီတော်၏ မူလဒါယကာလည်းဖြစ်သော ပအိုဝ်းလူမျိုးတို့အတွက် တောက်ပသောခေတ်ကာလကို ဖန်တီးပေးခဲ့သည့် သူရိယစန္ဒာမင်း၏ ကျေးဇူးတရားကို အောက်မေ့တမ်းတ သတိရခြင်းအားဖြင့် သူရိယစန္ဒာမင်း၏မွေးနေ့ဖြစ်သော တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ်သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်အောင်ကျော်က "အမျိုးသားနေ့ပွဲတော်ဆိုတာ တစ်မျိုးသားလုံးအတွက် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အနေနဲ့ကျင်းပရာကနေ လူမျိုးရေးသွေးစည်းညီညွတ်မှုတွေ၊ ရိုင်းပင်းကူညီမှုတွေကို ဒီလိုပွဲတော်တွေက စလာတာပါ။ အမျိုးသားနေ့ကို နှစ်စဉ်မပျက် နေရာဒေသမရွေးကျင်းပလာနိုင်အောင် ဆောင်ရွက်နိုင်ရုံတင်မကဘူး၊ ပြည်ပတွေမှာပါ အလုပ်အကိုင်နဲ့ရောက်နေတဲ့သူတွေအတွက်လည်း ကျင်းပနိုင်အောင် လုပ်လာတာ သုံးနှစ်လေးနှစ်မကပါဘူး"ဟု ပြောသည်။

ပအိုဝ်းလူမျိုးတို့သည် ဘာသာတရားကိုင်းရှိုင်းသူများဖြစ်ကြသည်။ ထို့ပြင် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းတွင် မျိုးချစ်စိတ်ထက်သန်စွာ အခြားတိုင်းရင်းသားများနည်းတူ လက်တွဲပါဝင်တွန်းလှန်ခဲ့ကြသူများဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တိုင်ဖြစ်သည့် ပင်လုံညီလာခံတွင် ပအိုဝ်းအမျိုးသားခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး သဘောတူလက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ကြသူများဖြစ်သည့်အပြင် ကိုယ်ပိုင်စာပေယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာများ၊ ဂီတအနုပညာများဖြင့် ရပ်တည်ခဲ့ကြသူများဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

"ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို အခုဆို ရန်ကုန်မှာ ကျင်းပတာလေးကြိမ်ရှိပါပြီ။ ခုလိုကျင်းပလိုက်ခြင်းအားဖြင့် အနယ်နယ်အရပ်ရပ်ကနေ ကွဲကွာနေတဲ့ ပအိုဝ်းမိတ်ဆွေတွေအကုန်လုံး ဒီအခမ်းအနားမှာ စည်းစည်းလုံးလုံးပြန်တွေ့ဆုံနိုင်မှာဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားမှာ ပအိုဝ်းလူမျိုးတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု အနုပညာပစ္စည်းနဲ့ပတ်သက်တဲ့ အသုံးအဆောင်တွေ၊ စာပေတွေ၊ နောက်ပြီး ဘုန်းကြီးကျောင်းတက်ရင် ကိုင်တဲ့ဆွမ်းအုပ်၊ တောင်ယာသွားရင်ကိုင်တဲ့ အသုံးအဆောင်တွေကအစ အဲဒါလေးတွေနဲ့ သရုပ်ဖော်ကပြတဲ့အစီအစဉ်တွေလည်းပါတယ်။ ပအိုဝ်းဒေသမှာရှိတဲ့ တိုင်းရင်းသား အကအလှဖော်ကျူးထားတဲ့ ဓာတ်ပုံပြပွဲလေးကို ဒီနှစ်ထူးထူးခြားခြားထည့်သွင်းပြသထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါ်နန်းညွန့်မေက ပြောသည်။

ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးစံလွင်၊ ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု(ဗဟို)ဥက္ကဋ္ဌ ဦးခွန်ဝင်းကိုတို့က သဝဏ်လွှာများအသီးသီး ပေးပို့ခဲ့ကြသည်။

ပအိုဝ်းအမျိုးသားနေ့အခမ်းအနားတွင် ပအိုဝ်းအမျိုးသားနေ့အလံတင်အခမ်းအနားကို ကျင်းပခဲ့ပြီး ပအိုဝ်းလူငယ်မောင်မယ်များ(ရန်ကုန်)မှ ပအိုဝ်းရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ပြသဖျော်ဖြေခဲ့ကြသည်။

ထို့ပြင် ရိုးရာအဝတ်အစား အသုံးအဆောင်ဆိုင်များနှင့် စားသောက်ဖွယ်ရာများ ခင်းကျင်းရောင်းချထားပြီး ဘိုးဘွားများကန်တော့ခြင်း၊ ပရိယတ္တိစာပေထူးချွန် ပအိုဝ်းသံဃာတော်များနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းတို့အပြင် ပအိုဝ်းရိုးရာ အကအလှများ၊ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အကအလှများ၊ တေးသီချင်းများဖြင့်ဖျော်ဖြေခဲ့ကြသည်။

(သတင်း-သီသီမင်း၊ ဓာတ်ပုံ-မင်းသစ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှန် ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့ ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်တို့ ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

(သတင်းစဉ်)

✱ စာမျက်နှာ ၄ မှ

အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်များမှ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော် အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကိုသဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် သံဃာတော် အရှင်မြတ် ၁၅၂ ပါး၊ သီလရှင်ဆရာကြီး ခုနစ်ပါး၊ လူပုဂ္ဂိုလ် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၃၇ ဦးတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

(၂၀၁၆) ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့
"တီဘီရောဂါကင်းဝေးဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"
World TB Day (2016)
"Unite to End TB"
၂၀၁၆ ခုနှစ်၊ မတ်လ (၂၄) ရက်
24th March, 2016

## တပေါင်းလပြည့်နေ့အခါသမယတွင် မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီတော်များ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကား



**မန္တလေး မတ် ၂၃**

မြန်မာဗုဒ္ဓဘာသာဝင် တိုင်းရင်းသူ တိုင်းရင်းသားပြည်သူ ပြည်သားများ၏ ၁၂ လရာသီပွဲတော်များတွင် တစ်နှစ်တာ၏ နောက်ဆုံးလဖြစ်သည့် တပေါင်းလတွင် သဲပုံစေတီပွဲများ၊ ဗုဒ္ဓပူဇနီယပွဲတော်များ၊ ရှင်ပြုအလှူမင်္ဂလာပွဲများကို အစဉ်အလာမပျက် မန္တလေးမြို့တွင် နေရာအနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြကြောင်း သိရသည်။

၁၃၇၇ ခုနှစ် တပေါင်းလပြည့်နေ့ အခါသမယဖြစ်သည့် (မတ် ၂၃ရက်) နံနက် ၄ နာရီခွဲတွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်အား အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဥက္ကဋ္ဌ ရေတော်ဆရာတော် အမှူးပြုသော မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ သစ်သီး၊ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။ အလားတူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူပြည်သူများ၊ တိုင်းရင်းသူ တိုင်းရင်းသားများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များကို ရွတ်ဆိုပူဇော်ကြကာ ကုသိုလ်ပုညပြုကြသူများ၊ သမထနှင့် ဝိပဿနာဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြသည်။

ယနေ့နံနက်တွင် မန္တလေးတောင်ဂေါပကအဖွဲ့က ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် မန္တလေးတောင်ဆုတောင်းပြည့်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဘုရားရင်ပြင်၌ ကျင်းပရာ ဘုရားအမှူးပြုသော ဆရာတော် သံဃာတော် ၄၆ ပါးတို့အား အရုဏ်ဆွမ်းကပ်လှူ၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြသည်။

ယနေ့ နံနက် ၇ နာရီတွင်လည်း အမရပူရမြို့နယ် "ဝေရောစန" ကျောက်စိမ်းစေတီတော်ကြီးတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ ပထမအကြိမ် ဘုရားအမှူးပြုသော ဆရာတော် သံဃာတော် ၁၀၉ ပါးတို့ကို စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူကြရာ ဘုရားဖူးလာ ပြည်သူများကလည်း ပါဝင်လှူဒါန်း ကုသိုလ်ယူကြပြီး စေတနာရှင် ထုံးဘုရင်ကျော်ထင်အသင်းကွမ်းစားထုံးမိသားစုက မောင်ထက်အောင်ရှိုင်း ဒုတိယနှစ် ရူပဗေဒ မန္တလာကောလိပ်အား ရည်စူး၍ ငွေကျပ်သိန်းနှစ်ဆယ်ကို ကျောက်စိမ်းဘုရားဂေါပကသို့ လှူဒါန်းခဲ့သည်။

ဘုရားပွဲတော်လာ ပြည်သူများကို စတုဒိသာ ထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးကာ ညပိုင်းတွင် သစ်လွင်အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်သည်။

အလားတူ တပေါင်းလပြည့်နေ့ (ယနေ့)တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိုင်အောင်တော်မူ ဆုတောင်းပြည့်မြတ်စွာဘုရား၌ ဘုရားမျက်နှာသစ်တော်ရေအတွက် သနပ်ခါးသွေး၍ ကုသိုလ်ယူကြသူများ၊ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားပြီး ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား၊ ဘုရားနီဘုရား၊ ရွှေကျီးမြင် ဘုရား၊ ဝါးခင်ကုန်းဘုရား၊ စွယ်တော်မြတ်စေတီတော်အပါအဝင် မန္တလေးမြို့ရှိ ဘုရားပုထိုးစေတီတော်များ၌ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်၍ အလှူဒါနပြုကြသူများ၊ ဒါနသီလဘာဝနာအားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း၊ မန္တလေးမြို့ရှိ ဂိလာနပါလဆန်ပြုတ်နှင့် ရေသန့်အလှူတော်အသင်းကလည်း မန္တလေးဆေးရုံကြီး ခုတင် ၃၀၀ ဆေးရုံ၊ ကလေးဆေးရုံ၊ အမျိုးသမီးဆေးရုံ၊ အရိုးဆေးရုံတို့သို့ သွားရောက်၍ ဂိလာနသံဃာတော်များ၊ လူနာစောင့်များ၊ လူနာများအတွက် ဆန်ပြုတ်၊ ထမင်းဟင်းများ၊ ရေသန့်များ၊ အအေးများ၊ အာဟာရမုန့်များကို လှူဒါန်းကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြတ်စွာဘုရားရှင်၏တရားဓမ္မများအား သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ခြင်း

သီဟာန်သိန်း(ငြိမ်းချမ်းမြေ)

လောကလူ့ရွာတွင် မတရားမှုများ(ဝါ)မကောင်းမှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများသည် လူတို့ခံစားသိရှိလာကြရသောအချိန်တွင် ကောင်းသောအကြောင်းအရာများ ပေါ်ထွက်လာစေရန်လမ်းစများ ဖြစ်ပေါ်လာခဲ့ပေသည်။ ပထမမြန်မာနိုင်ငံတော် စတင်ဖြစ်တည်လာချိန်၌ မကောင်းမှုတရားများ (ဝါ) ရေငုပ်၊ တုံးခုန်၊ မီးလုံ၊ ဇယ်ခတ်ဆိုကြသည့် မသိခြင်းတရားများ ကြီးစိုးလာခဲ့ကြပြီး ထိုတရားများ၏ အကြောင်းအကျိုး၊ အဆိုးအကောင်းများအား လူတို့သိရှိခံစားခဲ့ကြရပေသည်။

မကောင်းသောအဖြစ်ကြောင့် မကောင်းကျိုးခံစားမှုမှ ကောင်းသောအကျိုးတရားများအား တောင့်တလာမိကြသော်လည်း ကောင်းသောအကြောင်းတရားများကို ပုဂံခေတ် လူတို့သိရှိမှု အားနည်းခဲ့ကြပေသည်။ သို့သော် ခေတ်ပြိုင်လူမျိုးစုများမှတစ်ဆင့် လည်းကောင်း၊ ကူးသန်းသွားလာနေသူတို့ထံမှလည်းကောင်း၊ ထွေးရောယှက်တင် ပေါင်းသင်းနေထိုင်ကြသောလူမျိုးစု၊ စာပေအရေးအသားရှိနှင့်ပြီးဖြစ်သော ပျူ မွန်၊ ကုလားလူမျိုးတို့ထံမှ ပါဠိဘာသာ၊ သက္ကတဘာသာ၊ ပျူစကား၊ မွန်စကားတို့ထံမှ လည်းကောင်း၊ နာဂရီအက္ခရာ၊ ပျူအက္ခရာ၊ မွန်အက္ခရာတို့ထံမှ မဟာယနထေရဝါဒ၊ တန္တြဝါဒ၊ ဗြာဟ္မဏဝါဒ ယုံကြည်လေးစားသော ရဟန်း၊ ပုဏ္ဏားတို့ ဟောပြောပို့ချသင်ကြားမှုကိုတွေ့မြင်သိရှိနိုင်ကြမည် ဖြစ်ပေသည်။

ပုဂံခေတ်ဦးမြန်မာတို့အနေဖြင့် ဧရာဝတီမြစ်တစ်လျှောက် စုန်ဆန်သွားလာလှုပ်ရှားနေကြသော ပညာရှိ ပျူ မွန်၊ ကုလားတို့ကို တွေ့မြင်နေကြရပြီး ရာဇဝင်မှတ်တမ်းများအရ အထူးသဖြင့် တစ်မြေတည်းနေ မွန်တို့ယုံကြည်ဆည်းကပ်သော ထေရဝါဒဗုဒ္ဓဘာသာ၊ ပါဠိကျမ်းဂန်၊ ရိုးရာယဉ်ကျေးမှုတို့ကို လက်ခံယုံကြည်ခဲ့ကြကာ အခြား ပျူတို့ထံမှ ကောင်းနိုးရာရာများကိုလက်ခံခဲ့ကြကြောင်း တွေ့ရှိရပေသည်။

အနော်ရထာမင်းမတိုင်မီ ညောင်ဦးစောရဟန်းနှင့် ကွမ်းဆော်ကျောင်းဖြူမင်းတို့လက်ထက် ခရစ်နှစ် အေဒီ ၁၀၀၀ ခန့်တွင် မြန်မာတို့ ဗုဒ္ဓဝါဒကိုခံယူ၍ ပါဠိကျမ်းဂန်များ လေ့လာခဲ့သည်။ အနော်ရထာမင်းလက်ထက်၌ ပင်လယ်ရပ်ခြားနိုင်ငံများနှင့် တိုက်ရိုက်ဆက်သွယ်လာသောအခါ အမည်နာမ၊ အရာဝတ္ထု၊ အတွေးအခေါ်အသစ်များနှင့် နေ့စဉ် ဆက်ဆံတွေ့ဆုံနေကြရပြီး ထိုအချင်းအရာအသစ်တို့အား မြန်မာစကားဖြင့် လေ့လာကြံစည်အားထုတ်ဟောပြောခဲ့ရပေမည်။ ဗုဒ္ဓဝါဒခံယူပြီးသဖြင့် ပါဠိကျမ်းဂန်တို့လေ့လာသင်ယူခဲ့ရသော်လည်း မိမိကိုယ်ပိုင် ဘာသာစကားအက္ခရာတို့ဖြင့် မှတ်တမ်းတင်နိုင်ခြင်းမရှိခဲ့ကြပေ။ ခေတ်ပြိုင်မျိုးနွယ်စုများဖြစ်သော မွန်၊ ပျူလူမျိုးတို့တွင် စာပေများရှိခဲ့ကြပြီး မြန်မာတို့အနေဖြင့် မိမိတို့၏စကားကိုတင်ရန် အားထုတ်ခဲ့ကြသည်။

နာဂရီအက္ခရာ၊ ပျူအက္ခရာနှင့် မွန်အက္ခရာသုံးမျိုးမှ မိမိတို့ရင်းနှီးနေသော မွန်စာပေမှ မွန်အက္ခရာကိုယူငင်သုံးစွဲခဲ့ကြရသည်။ သို့သော် မွန်တို့သုံးစွဲသော ကုလားအက္ခရာနှင့် မြန်မာစကားကိုအက္ခရာတင်ရာတွင် အဆင်မပြေ၍ မွန်အက္ခရာကို သုံးစွဲခဲ့ကြရခြင်းပင် ဖြစ်ပေသည်။ ဘာသာစကားများတွင် အသံ၊ သဒ္ဒါ၊ ဝေါဟာရအရာများ၌ တစ်ဦးချင်း၊ အရပ်ဒေသချင်း၊ ခေတ်အခါကာလအလိုက် မတူကွဲပြားခဲ့ကြသဖြင့် စံတစ်ခု သတ်မှတ်အားထုတ်၍ မိမိတို့ မြန်မာစကားအက္ခရာတင်ခဲ့ကြရပေသည်။

ဤသို့ မြန်မာစကားအက္ခရာတင်ချိန်နှင့်တစ်ပြိုင်တည်း ပါဠိ၊ သက္ကတကျမ်းဂန် ပိဋကတ်စာပေ၊ မွန်စာပေတို့အားသင်ယူလေ့လာ၍ မိမိတို့စကားဖြင့် သိရှိစေရန် ဆောင်ရွက်ခဲ့ကြရသော ပုဂံခေတ်မြန်မာတို့၏စွမ်းရည်မှာ အံ့သြချီးကျူးထိုက်ပေသည်။ အတွေးအခေါ်၊ အမူအရာ၊ အရာဝတ္ထုနှင့် အမည်နာမအသစ်သစ်တို့ကို ဘာသာခြားမှမြန်မာဘာသာသို့ ယူငင်သုံးစွဲပုံတို့မှာ မီးဖိုချောင်ကပြုတ်(ကောင်း)မှာ သက္ကတဘာသာမရိစမှ လည်းကောင်း၊ မွန်စကား မြက်မှတစ်ဆင့်လည်းကောင်း၊ ကုလားစကားမှလည်းကောင်းဖြစ်သည့် ထန်းပင်မှာပါဠိသက္ကတတာလမှလာသောစကားဖြစ်သည်။ အိမ်သုံးပစ္စည်း ဖန်(ပါဠိ၊ ဖလိက)၊ ပြတာ(သက္ကတ၊ ပါရဒ) ပတ်တမြား(သက္က၊ ပဒ္မရာဂ)၊ ကပ်(ပါဠိ၊ ကပ္ပ)၊ ကမ္ဘာ(သက္ကတ၊ ကလ္ပ)၊ ငရဲ(ပါဠိ၊ သက္ကတ၊ နိရယ)၊ ကောဏာဂုံ(ပါဠိ၊ ကောဏာဂမန) ဂေါနာဂိုမ်၊ ပရိတ်(ပါဠိ၊ ပရိတ္တ) တို့မှလာသောစကားများဖြစ်ပြီး မြန်မာအသွင်ပေါက်စကားတို့ ဖြစ်ကြပေသည်။

ထိုမှတစ်ဆင့် မြန်မာစကား၊ မြန်မာစာခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီးနောက် မြန်မာတို့သည် လောကလူသားများ ကောင်းကျိုးအတွက် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များ၊ ပိဋကတ်သုံးပုံကို ဘာသာပြန်ဆိုရေးသားပြုစုခဲ့ကြပြီး ကုန်းဘောင်ခေတ်နှောင်းကာလတွင် ဘဝရှင်မင်းတုန်းမင်းတရားကြီးမှ သာသနာ အဓွန့်ရှည်တည်တံ့နေစေရေးအတွက် ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ပြီး သင်္ဂါယနာတင်ပြီးသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကိုကျောက်ပြားချပ်ရေ (၇၂၉) ချပ်တွင် အက္ခရာတင်ရေးထိုးထားခဲ့ပေသည်။ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန် ကျောက်စာချပ်များဖြင့် ပြုလုပ်ထားခဲ့၍ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် စာရင်းဝင်ခဲ့ပေသည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်အရှင်ဘုရင်လက်ထက်တွင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး (ထေရဝါဒသာသနာ) ထွန်းကားပြန့်ပွားတည်တံ့ခဲ့ပြီး ပန်းသတင်းလေညင်းဆောင်ဆိုသကဲ့သို့ နိုင်ငံနယ်နိမိတ်ကျော်လွန်သည့်တိုင်အောင် ဆက်လက်ပြန့်ပွားသွားခဲ့သဖြင့် ထေရဝါဒ သာသနာတော်မြတ်ကြီးကို လိုက်နာကျင့်ကြံပွားများခဲ့သော နိုင်ငံများပေါ်ပေါက်လာခဲ့ရပေသည်။ မြန်မာတို့၏ အတိတ်သမိုင်းကြောင်း ကောင်းမှုအမွေများအား နှလုံးဆင့်ကမ်းပြန့်ပွားမှုကြောင့် ယနေ့ခေတ်ကာလမြန်မာတို့ မြတ်စွာဘုရားရှင်၏ စစ်မှန်သောသာသနာတော်မြတ်ကြီးကို ဖူးမြော်ပူဇော်နေကြရပေသည်။

လွတ်လပ်ရေးခေတ်ဦးကာလ သာသနာတော်ကို ကြည်ညိုသက်ဝင်ပူဇော်ခဲ့ကြသော အမျိုးကောင်းသား၊ သူဌေးသူကြွယ်များနှင့် ပြည်သူများ ကောင်းမှုကြောင့် တိပိဋကဓရ၊ တိပိဋကသုံးပုံအာဂုံဆောင်နိုင်သော ရဟန်းသံဃာတော်တို့ ပေါ်ထွက်လာခဲ့ပြီး ဆဋ္ဌသင်္ဂါယနာ တင်ဆောင်နိုင်ခဲ့သည်။ မင်းအစိုးရပြည်သူတို့ တညီတညွတ်တည်းဆောင်ရွက်နိုင်ခဲ့မှုကြောင့် ဆဋ္ဌသင်္ဂါယနာတင် တရားတော်များကို ကျောက်ထက်အက္ခရာတင်ရာမှ စက္ကူထက်အက္ခရာခဲစာလုံးဖြင့် တင်ခဲ့ကြရာ ယခုခေတ်အခါကာလများ၌ တိပိဋကဓရစာမေးပွဲကြီးများ ကျင်းပနိုင်သောအခြေအနေ ရောက်ရှိခဲ့သည်။

**ကွန်ပျူတာစာမူဆဋ္ဌသင်္ဂါယနာ ကျမ်းစာတော်များဖြစ်ပေါ်လာပုံ**

ဆဋ္ဌသင်္ဂီတိကာရက မဟာထေရတို့သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီး၌ သံပြိုင်ရွတ်ဆို သင်္ဂါယနာတင်ခဲ့သည့်အတိုင်း ပေါတ္ထကာရုဠ္ဍကျမ်းစာတော်စာအုပ်များ အဖြစ် ၁၉၅၆ ခုနှစ်က ဗုဒ္ဓသာသနာ ပုံနှိပ်တိုက်တွင် ခဲစာလုံးများဖြင့် ရိုက်နှိပ်ထားခဲ့ကြပါသည်။ ၁၉၅၆ ခုနှစ်မှ ယခု ၂၀၁၆ ခုနှစ်အထိရေတွက်လျှင် နှစ်ပေါင်း(၆၅)နှစ်ခန့် ကြာညောင်းခဲ့ပါသည်။ ယခုအခါယင်းကျမ်းစာတော် ရှိစက္ကူများသည် ကြွပ်ဆတ်လာပြီး အဝါရောင်အညိုဘက်သို့ ပြောင်းလာခဲ့ပါသည်။ ခေတ်သုံးပုံနှိပ်နည်းအရ ဓာတ်ပုံရိုက်လျှင် မင်ကျ၊ မင်နမှုန်ဝါးလာပါသည်။ တင်းတင်ထင်း၍ ရိုက်ယူပြန်လျှင်လည်း စက္ကူပြင်အဟောင်းရှိ အညိုရောင်များကြောင့် ဓာတ်ပုံတွင် အမည်းရောင်များ ရောထွေးလာပါသည်။ မင်ကျကောင်းသည့် စာမူသန့်မရနိုင်တော့သည့် အခြေအနေဖြစ်ပေါ်လာခဲ့သည်။

သို့ဖြစ်၍ "မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်အံ့" ဟူသော ရှေးဆောင်ပုဒ်အတိုင်း ရန်ကုန်မြို့ ဗုဒ္ဓစာပေအဖွဲ့ကတာဝန်ယူ၍ ကောင်းမွန်သည့် မူတစ်ခုရအောင် ခဲစာလုံးမှ ကွန်ပျူတာစာလုံးအဖြစ်သို့ ပြောင်းလဲ၍ စာစီခဲ့ပါသည်။ ပိဋကတ်သုံးပုံမှာ ကျမ်းစာအုပ်ကြီးပေါင်း (၄၀) စာမျက်နှာပေါင်း (၁၆၀၀၀) ကျော်ရှိသဖြင့် ကွန်ပျူတာစာလုံးပြောင်းစာစီရာ၌ အချိန်အားဖြင့် (၃ နှစ်ခွဲကျော်) ကြာညောင်းပြီး ငွေကြေးများဖြင့် သိန်းပေါင်း (၁၀၀၀)ကျော် ကုန်ကျခဲ့ပါသည်။

ရှေးဟောင်းထေရဝါဒ ဗုဒ္ဓဘာသာကျမ်းစာများတွင် အကြိမ်ကြိမ် သုတေသနပြု၍ ရေးသားထားသော ကျမ်းစာမြောက်မြားစွာ ပါရှိကြပါသည်။ ထိုကျမ်းစာများတွင် ဆွေးမြည့်ဟောင်းနွမ်းသဖြင့် အချို့စာအုပ်များသည် ပျောက်ကွယ်လုမတတ် အခြေအနေမျိုး ရောက်ရှိနေပါသည်။ ဗုဒ္ဓစာပေအဖွဲ့က ယင်းကျမ်းစာများကို ရွေးချယ်၍ မပျောက်ပျက်အောင် ရိုက်နှိပ်ထိန်းသိမ်းလာခဲ့သည်ဖြစ်ရာ ကျမ်းပေါင်းများစွာ ရိုက်နှိပ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းကို ၁၉၉၇ ခုနှစ်တွင် စတင်တည်ထောင်ပြီး ၁၉၉၉ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသဖြင့် သံဃာများဝါဆိုသီတင်းသုံးကြပါသည်။ ထို့အပြင် ၂၀၀၁ ခုနှစ်၌ ပိဋကတ်တော်ကို ဟောကြားတော်မူသည့် ဗုဒ္ဓအရှင်မြတ်ကို ရည်မှန်း၍ ဗုဒ္ဓကြေးဆင်းတုတော်ကြီးနှင့် သီဟာသနပလ္လင်တော်ကြီးကို လည်းကောင်း၊ သူတော်ကောင်းတရားဓမ္မစာပေများ အရှည်တည်တံ့ရန် အလို့ငှာ သုံးထပ်ပိဋကတ်တိုက်ကျောင်းနှင့် အဝင်မုခ်ဦးကြီးကိုလည်း တည်ထောင်ခဲ့ကြပါသည်။ ကထိန်အလှူတွင် ငွေပဒေသာပင်များပါရှိပြီး ဗုဒ္ဓစာပေအဖွဲ့၏ ကျမ်းစာအုပ်ပုံနှိပ်လုပ်ငန်းတွင် သီးသန့်ကျမ်းစာအုပ် ဒါယကာပေါ်ပေါက်လျှင် ယင်းဒါယကာ၏ ငွေကြေးဖြင့် မပေါ်ပေါက်လျှင် ယင်းကထိန်ငွေပဒေသာပင် ငွေကြေးဖြင့် အထက်ဖော်ပြပါ အထွေထွေကျမ်းစာအုပ်များကို ရိုက်နှိပ်ပါသည်။

ထိုသို့ရိုက်နှိပ်ရာ၌ "ရဟန္တာဝသီ၊ သမ္မိဒါဉာဏ်ရ၊ သံဃိန္ဒတို့၊ လွှလွှဖွေးဖွေး ပေထက်ရေး၍၊ လေးဆေးထက်ကြပ်၊ အထပ်တစ်ရာ၊ ကြီးကြပ်ပါလည်း၊ ပမာလေခ၊ ပါပြန်ရရှင့်"ဟူသော မုံရွေးဆရာတော်ဘုရား၏ ရေးသားချက်အရလည်းကောင်း-

"အက္ခရံဧကမေကဉ္စ၊ ဗုဒ္ဓရူပံသမံသိယာ၊
တသ္မာဟိပဏ္ဍိတောပေါသော၊ လိခေယျ ပိဋကတ္တယံ။"

ပိဋကတ်ပါ အက္ခရာစာလုံး ၁-လုံး ၁-လုံးသည် ဗုဒ္ဓရုပ်ပွားတော် ၁-ဆူ ၁-ဆူနှင့် တူညီ၏။ ထို့ကြောင့်သာလျှင် ပညာရှိယောကျာ်းသည် ပိဋကတ်သုံးပုံကို ရေးကူးပူဇော်ရာ၏-ဟူသော ရှေးပါရာဏအဆိုကိုလည်းကောင်း ဦးထိပ်ရွက် ခံယူဆောင်ရွက်ကာ -

(၁) ဗုဒ္ဓစာပေအဖွဲ့တည်ထောင်သူအဖွဲ့နာယက ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယ၊
(၂) ဆရာကြီးဦးမြင့်စိုး၊
(၃) မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးစိုးတင့်၊
(၄) ဆရာကြီးဗာရာဏသီ ဦးသိန်းအောင်နှင့်
(၅) ဆရာဦးတင့်လွင်တို့ပညာရှင်အဖွဲ့က ကွန်ပျူတာစာမူကြမ်းကို မှန်ကန်အောင်၊ နေသားတကျရှိအောင် ပြင်ဆင်ကြပါသည်။

ကွန်ပျူတာစာမူပြီးမြောက်ပြီးနောက် ၂၆-၁၀-၂၀၁၄ ရက်နေ့တွင် ရွှေသုဝဏ်ကျောင်း စုပေါင်းဘုံကထိန်ပွဲတွင် ပြီးမြောက်အောင်မြင်ခဲ့သော ပိဋကတ်သုံးပုံ ကွန်ပျူတာစာမူများကို ကထိန်ဦးဆောင်ဒါယကာ သတိုးသီရိသုဓမ္မ ဦးမောင်အေးကိုယ်စား ဘုံကထိန်ဒကာတစ်ဦးက ပြည်ထောင်စုဝန်ကြီး (သာသနာရေး) ဦးစိုးဝင်းမှတစ်ဆင့် မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ (သဒ္ဓမ္မ) အား လှူဒါန်းခဲ့ပါသည်။ ယင်းကွန်ပျူတာစာစီပြီးတစ်ကျမ်းလျှင် ဒကာတစ်ဦးကျစီဖြင့် ဒကာ (၄၀) က တာဝန်ယူ၍ (၄၀)သော ပိဋကတ်တော်ကျမ်းစာများဖြစ်မြောက်အောင် ရိုက်နှိပ်လှူဒါန်းခဲ့ကြပါသည်။

**ပိဋကတ်သုံးပုံစာအုပ်ရေ - ၄၀ ရှိ -**

**(က)စာမျက်နှာပေါင်း**

| | |
|---|---|
| သင်ရိုး(အုပ်ရေ - ၂၀)ရှိစာမျက်နှာပေါင်း | ၈၀၂၆ |
| ကျမ်းအိပ်(အုပ်ရေ - ၂၀)ရှိစာမျက်နှာပေါင်း | (+)၈၇၃၉ |
| ပိဋကတ်သုံးပုံ(အုပ်ရေ-၄၀)ရှိစာမျက်နှာပေါင်း | ၁၆၇၆၅ |

**(ခ) စာလုံးရေပေါင်း**

| | |
|---|---|
| ဆဋ္ဌမူစာ(၁)မျက်နှာလျှင် စာလုံးရေပေါင်း | ၇၅၀ - ခန့် |
| ပိဋကတ် ၃ - ပုံ (အုပ်ရေ - ၄၀၀)ရှိစာမျက်နှာပေါင်း | (×)၁၆၇၆၅ |
| ပိဋကတ် ၃ - ပုံ(အုပ်ရေ - ၄၀)ရှိစာလုံးရေပေါင်း | ၁၂၅၇၃၇၅၀ |

**(ဂ) စာကြောင်းရေပေါင်း**

| | |
|---|---|
| ဆဋ္ဌမူစာ(၁)မျက်နှာလျှင် စာကြောင်းရေပေါင်း | ၃၀ - ခန့် |
| ပိဋကတ် ၃ - ပုံ (အုပ်ရေ - ၄၀)ရှိစာမျက်နှာပေါင်း | (×)၁၆၇၆၅ |
| ပိဋကတ် ၃ - ပုံ(အုပ်ရေ - ၄၀)ရှိစာလုံးရေပေါင်း | ၅၀၂၉၅၀ |

ပိဋကတ်ကျမ်းစာတော်များကို အင်ဒိုနီးရှားနိုင်ငံလုပ် IK အမျိုးအစားအဆင့်မြင့်စက္ကူများဖြင့်ရိုက်နှိပ်ခဲ့ပြီး စက္ကူများမှာ စီးကရက်ပြာရောင်အပျော့ဖြစ်၍ မျက်စိသို့ ရောင်မပြန်စေပါ။ ချိုးခေါက်သော်လည်း ခေါက်ရိုးကျိုးမသွားပါ။ ယင်းစက္ကူများဖြင့် ပိဋကတ်ကျမ်းစာအုပ်တစ်အုပ်လျှင် ၁၁၀၀ - စီ အုပ်ရေ ၄၀ ရှိရာ ပေါင်း ၄၀၀၀၀ ရိုက်နှိပ်ခဲ့ပြီးဖြစ်ပါသည်။

ကျမ်းစာတော်များအရှည်ခိုင်ခံ့ရန် အလွန်အရေးကြီးပြီး နိုင်ငံတကာနယ်ပယ်တွင် ဖြန့်ဝေထားရန် လိုအပ်မည်ဖြစ်ပါသည်။ IK စက္ကူထက်ပိုကောင်းသောစက္ကူရှိပြီး ၎င်းစက္ကူမှာ IVORY စက္ကူဖြစ်သည်။ ဤစက္ကူတွင်ဝါဂွမ်းအမျှင်ပါသည်။ ပိုမိုခိုင်မာကာ ပေါ့လည်းပေါ့ပါးပြီး ကိုင်တွယ်ရလွယ်ကူသဖြင့် အဆင်ပြေပါသည်။ ဤစက္ကူဖြင့်ဖော်ပြခဲ့ပြီး ကျမ်းစာတော် ၄၀ - အနက် တစ်အုပ်စီကို အုပ်ရေ၂၀၀ စီ သီးသန့်ရိုက်ခဲ့ပြီး IK စက္ကူဖြင့်အုပ်ရေ ၁၀၀၀ စီနှင့် IVORY စက္ကူဖြင့် သီးခြားအုပ်ရေ ၂၀၀ စီ ပေါင်း ၁၂၀၀၀ စီရိုက်နှိပ်မည်ဖြစ်ပါသည်။ IK စက္ကူဖြင့် အုပ်ရေ ၄၀၀၀၀ စီနှင့် ဆင်စွယ်ရောင်ဖြင့် အုပ်ရေ ၈၀၀၀ စီ ပေါင်း ၄၈၀၀၀ ရရှိခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်တိုက်မှ ရိုက်နှိပ်ပြီးနောက် ဖောင်ခေါက်၊ ဖောင်ချင်းတွဲ၊ ကော်ကပ်၊ အနှောင့်လုံး၊ အတွင်းရေခံဂရမ် ၂၀၀ - အထူစက္ကူနှင့် ရေခံအပါးထည့်၊ အဖုံးကပ်ခြင်း၊ နေလှမ်းခြင်းစသည်ကိုပြုခဲ့ပြီး အနှောင့်ရွှေစာလုံးရိုက်ခဲ့ရပါသည်။ ကျမ်းစာအုပ်အောင်မြင်ပြီးနောက် အရေးပါအရာရောက်သည့် နေရာဌာနနှင့်ပုဂ္ဂိုလ်များအား ဤစာအုပ် (၁၀၀၀ + ၂၀၀ ထဲမှ) ဆင်စွယ်ရောင်စက္ကူအုပ်ရေ ၂၀၀ စီကို လှူဒါန်းခဲ့ပါသည်။ IK စက္ကူဖြင့်ရိုက် ပိဋကတ်ကျမ်းစာတော် ၄၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီး (သာသနာရေး)ဦးစိုးဝင်းမှတစ်ဆင့် နိုင်ငံတော်ဗုဒ္ဓသာသနာ (သဒ္ဓမ္မတရားရတနာ)အား လှူဒါန်းခဲ့ပါသည်။

သတိမကွာမမေ့မလျော့ ဉာဏ်နှင့်ယှဉ်တွဲနေစေရန် ကုသိုလ်ကံ အထူးဆည်းပူးယူရသည့် "ဉာဏ်ဖြစ်စေကံ၊ ဗြဟ္မာစံပြီး ၊ ရင့်သီးက္ကန္ဓေ၊ ဝေးကိလေ၊ လေးထွေအကြောင်းစုံ" ဉာဏ်ပညာကိုဖြစ်စေတတ်သည့် ပညာအလှူ ဒါနကုသိုလ်ကံဆည်းပူးထားရမည်။ မြန်လည်းမြန်၊ လုပ်ဆောင်ရာတွင်လည်းလွယ်သည့် ဤကဲ့သို့ ဓမ္မဒါနကုသိုလ်မျိုးကို ပြုရန်ပင်ဖြစ်သည်။ မျက်မှောက်သတ္တဝါတို့အဖို့ နှလုံးသားကောင်းလျှင် အပူအပင်နည်းပြီး ဉာဏ်ယှဉ်တွဲလာမည်။ ဦးနှောက်ကောင်းလျှင် အမေ့အလျော့မရှိ သတိကောင်းနေမည်။ ဤနှစ်ချက်ကိုအကြောင်းပြု၍ တစ်ကိုယ်လုံးကောင်းပြီး ရွှင်လန်းသိမြင်အပြစ်ကင်းစင်လာမည်။ အသက်လည်းရှည်ပါလိမ့်မည်။ ဤအကျိုးများပေးသည့် စာအုပ်၊ စာပေလှူခြင်းကုသိုလ်မှာ ပညာသံဝတ္တနိက ကုသိုလ်ပင်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့ ဗုဒ္ဓစာပေအဖွဲ့မှ တာဝန်ယူစီမံဆောင်ရွက်ခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပြီး ကျမ်းစာစောင်များအား ကွန်ပျူတာစာစီ၍ စာအုပ်များရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းသည် လောကလူသားများကောင်းကျိုးအတွက် စီစဉ်ဆောင်ရွက်ခဲ့ကြသော ရှေးဦးမြန်မာကြီးများကဲ့သို့ မြတ်စွာဘုရားရှင်၏ တရားဓမ္မများအား သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ခဲ့သော **မဟာကုသိုလ်တော်ကြီးအား** သိရှိသာဓုအနုမောဒနာခေါ်ဆိုနိုင်ကြစေရန် ရေးသားဖော်ပြအပ်ပါသည်။

**ကျမ်းကိုး။** **(က) ဗုဒ္ဓစာပေအဖွဲ့၏ကွန်ပျူတာစာမူဆဋ္ဌသင်္ဂါယနာ ကျမ်းစာတော်များဖြစ်ပေါ်လာပုံ (မူကြမ်း)။**
**(ခ) စာပေဗိမာန်၏ ဘာသာပြန်စာပေဆွေးနွေးပွဲ မှတ်တမ်း(၁၉၆၂-ခုနှစ်)။**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တရုတ်ဝန်ကြီးချုပ် မစ္စတာ လီခချန် မြန်မာ-တရုတ်နှစ်နိုင်ငံဆွေးနွေးပွဲ တက်ရောက်

**စန်းယ မတ် ၂၃**

မြန်မာ - တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို မတ် ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် စန်းယမြို့ရှိ Sheraton ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံကုန်သွယ်ရေးတိုးတက်လာမှု၊ မြန်မာ - တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးကို တရားဝင်ကုန်သွယ်မှုအဖြစ် ပိုမိုအားပေးမြှင့်တင်လိုမှုနှင့် ကွမ်းလုံတံတားသစ်တည်ဆောက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

## ❐ ကျောဖုံးမှ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် ထိပ်သီးအစည်းအဝေးကျင်းပမည့်နေရာသို့ နံနက် ၉ နာရီတွင် ရောက်ရှိလာရာ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထိပ်သီးအစည်းအဝေးသို့ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဖန်ဗင်မင်းနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာတို့က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာတိုးတက်မှုများအား သုံးသပ်ခြင်းနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယား၊ လာအိုဝန်ကြီးချုပ်များ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က ဆွေးနွေးကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မဲခေါင်ဒေသနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ခိုင်မာသည့် ကတိကဝတ်ထားရှိမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကိုယ်စားပြုလျက် မဲခေါင်-လန်ချန်း ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကို တက်ရောက်ခွင့်ရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် ယခုအစည်းအဝေးကို တက်ရောက်ရန် ဆန္ဒရှိသော်လည်း နိုင်ငံအတွင်း အရေးကြီးသည့် အုပ်ချုပ်ရေးအပြောင်းအလဲကာလဖြစ်နေ၍ အစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ခြင်း မရှိပါကြောင်းနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မဲခေါင်-လန်ချန်းနိုင်ငံ ခေါင်းဆောင်များသို့လည်းကောင်း၊ ဤသမိုင်းဝင် အစည်းအဝေးကြီး အထမြောက်အောင်မြင်စေရေးအတွက်လည်းကောင်း ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်ဟု ပြောကြားလိုပါကြောင်း။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ တရုတ်ဝန်ကြီးချုပ် မစ္စတာလီခချန်၏ ရည်မှန်းချက်နှင့် ကြိုးပမ်းမှုတို့ကြောင့် အကောင်အထည်ပေါ်လာသည့် အစီအစဉ်ဖြစ်သည်ကို ဝမ်းသာစွာ မှတ်သားမိပါကြောင်း။

မိမိအနေဖြင့် မဲခေါင်မြစ်ကြီး၏ အရေးပါမှုကို ပြော၍မကုန်နိုင်ပါကြောင်း၊ ကမ္ဘာပေါ်မှာ ၁၂ ခုမြောက် အရှည်လျားဆုံးနှင့် အာရှတိုက်တွင် သတ္တမမြောက် အရှည်လျားဆုံးဖြစ်ပြီး ကီလိုမီတာ ၄၃၅၀ ရှည်လျားသော မဲခေါင်မြစ်ကြီးသည် နိုင်ငံခြောက်နိုင်ငံကို ဖြတ်သန်းစီးဆင်းလျက်ရှိပါကြောင်း။

မဲခေါင်မြစ်ဝှမ်းဒေသသည် ဇီဝမျိုးကွဲ သားရဲတိရစ္ဆာန်များ၊ သစ်ပင်မျိုးစိတ်ပေါင်းများစွာ ပေါကြွယ်ဝသည့် ဒေသတစ်ခုလည်းဖြစ်ပါကြောင်း၊ မြစ်ကြောင်းတစ်လျှောက် မှီတင်းနေထိုင်လျက်ရှိသည့် လူဦးရေသန်းပေါင်း ၆၀ ကျော်တို့သည် စားဝတ်နေရေးအတွက် မြစ်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို အားကိုးနေရပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ တစ်ဟုန်ထိုးဖြစ်ပေါ်နေသည့် ဒေသအတွင်း ဖြတ်သန်းစီးဆင်းနေသည့် မဲခေါင်မြစ်ကြီးကို အပြည့်အဝအသုံးချနိုင်ခြင်း မရှိသေးသည်မှာလည်း ထူးခြားသည့်အသွင်အဖြစ် တွေ့ရှိနေရပါကြောင်း၊ မဲခေါင်မြစ်ကြီးအား အမှီပြု၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြုလုပ်နိုင်သည့် အလားအလာများစွာ ရှိနေပါကြောင်း၊ ဥပမာ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ဆည်ရေသောက် စိုက်ပျိုးမြေများ ချဲ့ထွင်ရေး၊ ရေကြီးမှု တားဆီးထိန်းချုပ်ရေး၊ ခြောက်သွေ့ရာသီ၌ ရေရရှိရေး၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ရေကြောင်းသွားလာရေးနှင့် ခရီးသွားလုပ်ငန်းစသည်တို့ကို ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများ ကြီးမားစွာရှိနေပါကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ထိပ်သီးခေါင်းဆောင်များအဆင့်၊ ဝန်ကြီးများအဆင့်၊ အဆင့်မြင့်အရာရှိများအဆင့်နှင့် လုပ်ငန်းအဖွဲ့အဆင့် စသည်ဖြင့် အဆင့်ဆင့်သော လုပ်ငန်းဆောင်ရွက်မှုယန္တရားကို ထောက်ခံပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုအတွက် တူညီဆန္ဒဖြင့် ဆုံးဖြတ်ခြင်း၊ တန်းတူရည်တူရှိမှု၊ အပြန်အလှန်ဆွေးနွေးတိုင်ပင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု၊ မိမိဆန္ဒအလျောက် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်မှု၊ ပူးပေါင်းပါဝင်မှုနှင့် အကျိုးအမြတ် မျှဝေခံစားမှု၊ ကုလသမဂ္ဂပဋိညာဉ်နှင့် နိုင်ငံတကာ ဥပဒေများကို လေးစားမှုတို့အပေါ် အခြေခံထားသည့် "မူများ" ကိုလည်း ထောက်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ရလဒ်များအပေါ် ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း ဆောင်ရွက်ပြီး တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့က နိဂုံးချုပ်မိန့်ခွန်း ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် Exhibition Zone ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက်ရှိ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ပူးတွဲသတင်းစာရှင်းလင်းပွဲနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံ ခေါင်းဆောင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားတွင် လူမှုဂုဏ်ဆိုင်ရာ ဘွဲ့တံဆိပ်များ ချီးမြှင့်သည့် မှတ်တမ်းဓာတ်ပုံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားတွင် လူပုဂ္ဂိုလ်ဆိုင်ရာ ဘွဲ့တံဆိပ်များ ချီးမြှင့်သည့် မှတ်တမ်းဓာတ်ပုံ



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘွဲ့တံဆိပ်ရရှိသူတစ် ဦး အား ဘွဲ့ တံ ဆိပ် နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။





ပြည်ထောင်စုရွေး ကောက် ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး ဘွဲ့တံဆိပ် ရရှိသူတစ် ဦး အား ဘွဲ့ တံ ဆိပ် နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချို ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး နန့်ကြင်ကြည် ဘွဲ့တံဆိပ် ရရှိသူတစ်ဦးအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။

# ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်တီမြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်း၊ ဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်ဂူတော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးအား ရွှေကြာသက်န်းတော်၊ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းနှင့်သစ်သီးများဆက်ကပ်ပူဇော်ကြသည်။**(ယာပုံ)**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိတ်သွန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်မြတ်အားနာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရုတ်သိမ်းသည်။ တပေါင်းလပြည့် အခါသမယ၌ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဓမ္မစကြာ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ခြင်း၊ ဆီမီးကိုထောင်ပူဇော်ခြင်းများဖြင့် စည်ကားလျက်ရှိပြီး နေပြည်



တော်ကောင်စီနယ်မြေအတွင်းရှိ စေတီပုထိုးကျောင်းကန်များ၌လည်း သက်ဆိုင်ရာဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ခြင်း၊ ဆီမီးပူဇော်ခြင်းများဖြင့် စည်ကားများပြားလျက်ရှိသည်။

**(သတင်းစဉ်)**

# တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ စေတီပုထိုးများ၌ ဘုရားဖူးများဖြင့် စည်ကားများပြား



**တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားစဉ်။**
(ဇော်မင်းလတ်၊ ရဲထွဋ်)

**ရန်ကုန် မတ် ၂၃**

တပေါင်းလသည် မြန်မာလများတွင် ၁၂ လမြောက် ဖြစ်သည်။ သာယာလှသော လရာသီ တပေါင်းလကို ခေတ်အဆက်ဆက်စာဆိုများရေးဖွဲ့ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ရှေးယခင်က တပေါင်းလပွဲတော်သည် သဲပုံစေတီပွဲတော်ဖြစ်သည်။ သဲပုံစေတီပွဲကို ပုဂံခေတ်မတိုင်မီကပင် ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။ တပေါင်းလပြည့်နေ့တွင် ဘုရားပွဲများကျင်းပလေ့ရှိရာ တပေါင်းလပွဲတော်ဟုလည်းခေါ်ကြသည်။

တပေါင်းလပြည့် မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့ တပေါင်းလပြည့်နေ့ကို ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့အဖြစ် သတ်မှတ်ထားသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ကပိလဝတ် နေပြည်တော်မှ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အမတ် ၁၀ ဦးကို အခြွေအရံတစ်ဆောင်စီဖြင့် ၁၀ ကြိမ်ခွဲ၍ ဘုရားရှင်အားပင့်ရန် ရာဇဂြိုဟ်ပြည်သို့ စေလွှတ်ခဲ့သည်။ ဘုရားရှင်အား ပင့်ရန်သွားသူအမတ်များသည် ဘုရားရှင်နှင့်တွေ့၍ တရားနာရသောအခါ ဧဟိဘိက္ခုရဟန်းများဖြစ်ကုန်ကြပြီး ကပိလဝတ်ပြည်သို့ မပြန်နိုင်ကြတော့ပေ။ နောက်ဆုံး ကာဠုဒါယီ အမတ်ကြီးသွားသည့်အခါ တရားနာရပြီး ကာဠုဒါယီ အမတ်ကြီး ရဟန္တာဖြစ်သွားသည်။

ရဟန္တာဖြစ်ပြီး ကာဠုဒါယီမထေရ်က ဘုရားရှင်အား တပေါင်းလ၏ သာယာကြည်နူးဖွယ်ကောင်းပုံကို ဂါထာပေါင်း ၆၄ ဂါထာသီကုံးဖွဲ့ဆို၍ ခမည်းတော်၏ ကျေးဇူးကိုသိသောအားဖြင့် ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီ ဖြစ်ကြောင်း လျှောက်ထားလေသည်။

ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ်နေပြည်တော်သို့ တစ်ရက်တွင် တစ်ယူဇနာနှုန်းဖြင့် ရက်ပေါင်း ၆၀ ကြာအောင် ဒေသစာရီကြွချီတော်မူသည်။

တပေါင်းလပြည့်နေ့သည် ဘုရားရှင်ပြည်တော်ဝင်ရန် စတင်ကြွလှမ်းသောနေ့ဖြစ်သဖြင့် ထိုနေ့ကို အကြောင်းပြု၍ ပြည်တော်ဝင်အခါတော်နေ့အဖြစ် ကျင်းပကြခြင်းဖြစ်သည်။

ယနေ့သည် တပေါင်းလပြည့်နေ့အခါသမယ ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ ဘုရားပုထိုးစေတီတော်များ၌ ဗုဒ္ဓပူဇနိယပွဲတော်များကျင်းပလျက်ရှိရာ ကုသိုလ်ပုညကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ၂၆၀၄ နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သိဂ်ီဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာ ဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ တပေါင်းလပြည့်နေ့တွင် ပြည်တွင်းဘုရားဖူးများသာမက ထိုင်းနိုင်ငံမှ ဘုရားဖူးလာသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများ၊ ဇီဝိတဒါနငှက်များ၊ ငါးများ ဘေးမဲ့လွှတ် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ဆူးလေစေတီတော်တွင် နံနက် ၇ နာရီ၌ သိမ်တော်ကြီးဆရာတော်က သီလပေးတရားချီးမြှင့်သည်။ စေတီတော်ရင်ပြင်၌ ဥပုသ်သီလဆောက်တည်သူများ၊ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မှစ၍ ညနေ ၄ နာရီ၌ ပုဇွန်တောင်မြို့နယ် အမှတ် ၇၊ ၈၊ ၉၊ ၁၀ ရပ်ကွက်သူ ရပ်ကွက်သားများက ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ ဘုရားဖူးလာပြည်သူများက ဘုရားဓာတ်တော်၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်တို့၏ ဓာတ်တော်များကို ဖူးမြော်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ ဂေါပကအဖွဲ့က ဦးဆောင်ကာ နံနက် ၇ နာရီခွဲတွင် ဆွမ်းတော်ကြီးတင်ခြင်း၊ နံနက် ၈ နာရီတွင် ဓမ္မာနန္ဒကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြခြင်း၊ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားများရွတ်ဖတ် သရဇ္ဈာယ်တော်မူခြင်းတို့ကို ဆောင်ရွက်ကြသည်။ တပေါင်းလပြည့် ပြည်တော်ဝင်အခါတော်နေ့ကို ကျင်းပရာ ပြည်တော်ဝင်ဂါထာ ၆၄ ဂါထာမှ ပထမဆုံးဂါထာနှင့် နောက်ဆုံးဂါထာကို ရွတ်ဖတ်ပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။



**လောကချမ်းသာအဘယလာဘမုနိ (ကျောက်တော်ကြီးဘုရား) ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၁၅)ကြိမ်မြောက် ဆွမ်းတော်ကြီးတင်လှူပွဲနှင့် တပေါင်းလပြည့်(အခါတော်နေ့)တပေါင်းပွဲတော်ကို မတ် ၂၃ရက် နံနက် ၇နာရီခွဲတွင် ဘုရားကြီးရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာကျင်းပစဉ်။** (၆၈၄)

ရွှေဟောင်းသမိုင်းဝင် ကျိုက္ကစံစေတီ၌ နံနက် ၉ နာရီတွင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပပြီး ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ ထို့နောက် ရွှေကျင်တိုက်ဟောင်း ဆရာတော် ဘဒ္ဒန္တသုမနက ရေစက်ချတရားချီးမြှင့်တော်မူသည်။

ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ ဖြူးဆရာတော် ဘဒ္ဒန္တအရိယဝံသက ဥပုသ်သီလခံယူကြသူများအား ရှစ်ပါးသီလချီးမြှင့်တော်မူသည်။

စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၌ နံနက် ၈ နာရီတွင် မာဃဓီ-သာစည် ဆရာတော် ဦးဆောင်၍ တပေါင်းလပြည့်နေ့ အခမ်းအနားကို ကျင်းပသည်။

မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ ယာဉ်လိုင်းအချို့ကလည်း ယနေ့ တပေါင်းလပြည့်နေ့ထူးနေ့မြတ်နေ့တွင် ကုသိုလ်ယူသည့်အနေဖြင့် ယာဉ်စီးခများ အခမဲ့ကုသိုလ်ပြုကြကြောင်း သိရသည်။

အလားတူ ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးလာပြည်သူများသည် ဗုဒ္ဓဘုရားရှင်အားရည်မှန်း၍ ပရိတ်တရားများ ရွတ်ဖတ်ပူဇော်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ စတုဒိသာများကျွေးမွေးခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းဖြင့် တပေါင်းလပြည့် အခါတော်နေ့ကို ကြည်နူးအေးချမ်းစွာ ဖြတ်သန်းခဲ့ကြသည်။

**ရီရီမြင့်၊ ဥမ္မာသန့်**

# နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်စေရေး သမ္မတအိုဘားမား အာဂျင်တီးနားသို့ရောက်ရှိ

**ဗျူနိုအေးရိစ် မတ် ၂၃**

အာဂျင်တီးနားနိုင်ငံတွင် လက်ဝဲယိမ်းအစိုးရအဖွဲ့ ခေတ်လွန်ကာလ သမ္မတမာယူစီယိုမာရီ ယမန်နှစ် ဒီဇင်ဘာကာလအတွင်းက အာဏာရရှိလာခဲ့ပြီးနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်တည်ဆောက်ရန်နှင့် ကုန်သွယ်မှုများတိုးမြှင့်ပြုလုပ်နိုင်ရေးအတွက် အမေရိကန်သမ္မတအိုဘားမားသည် မတ် ၂၃ ရက်တွင် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်မြို့သို့ ရောက်ရှိလာသည်။

သမ္မတအိုဘားမား အာဂျင်တီးနားသို့ လာရောက်ခြင်းသည် ၎င်း၏တောင်အမေရိကဒေသ ခရီးစဉ်တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

လက်တင်အမေရိကဒေသမှ စီးပွားရေးအင်အား တတိယအကြီးဆုံးနိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား လွန်ခဲ့သည့်နှစ်များအတွင်းက နာကြည်းခါးသီးသော ဆက်ဆံရေးရှိခဲ့မှုကို အဆုံးသတ်စေရန်ရည်ရွယ်လျက် သမ္မတအိုဘားမား၏ နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်ဖြစ်ပေါ်လာကြောင်း သတင်းတွင် ဖော်ပြသည်။

ပြန်ပေါင်းထုတ်သည့် အမှတ်လက္ခဏာဖြစ်ပြီး အာဂျင်တီးနားနှင့် ကုန်သွယ်ရေးဆက်ဆံမှုမြှင့်တင်မည့် သင်္ကေတလည်းဖြစ်သည်။ သမ္မတ အိုဘားမားနှင့်မိသားစုသည် အာဂျင်တီးနားနိုင်ငံသို့ ဆိုက်ရောက်လာရာ နိုင်ငံခြားရေးဝန်ကြီး ဆူဘန်နားမယ်လ်ကိုရာက ကြိုဆိုနှုတ်ဆက်သည်။

အမေရိကန်သမ္မတ အိုဘားမားသည် မတ် ၂၃ ရက် နံနက်ပိုင်းတွင် အာဂျင်တီးနားသမ္မတနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး သမ္မတနှစ်ဦးတို့က ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်သည်။ ထို့အပြင် သမ္မတအိုဘားမားသည် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အာဂျင်တီးနားသို့ ရောက်ရှိစဉ် ကြီးမားသောလူထုကြီးနှင့် ဝတ်ပြုဆုတောင်းပွဲပြုလုပ်ခဲ့သည့် ဗျူနိုအေးရိစ်မြို့တော် ဘုရားရှိခိုးကျောင်းကြီးတွင် ဝတ်ပြုဆုတောင်းမှုပြုမည်ဖြစ်ပြီး အာဂျင်တီးနား လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့်အတူ ညစာစားပွဲတက်ရောက်မည်ဖြစ်သည်။

**ရိုက်တာ။**



# သမ္မတရှီကျင့်ဖျင် အမေရိကန်တွင်ကျင်းပမည့် နျူကလီးယားထိပ်သီးဆွေးနွေးပွဲ တက်ရောက်မည်

**ပေကျင်း မတ် ၂၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် လာမည့်သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်၌ ကျင်းပမည့် နျူကလီးယားထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်ပြီး အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့်လည်း သီးခြားတွေ့ဆုံသွားမည်ဟု မျှော်လင့်ရသည်။



ရှီကျင့်ဖျင်သည် မတ် ၂၈ ရက်မှစ၍ ချက်သမ္မတနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သို့ ငါးရက်ကြာ ခရီးသွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၂၃ ရက်တွင် ပြောကြားသည်။ ထို့နောက် ရှီကျင့်ဖျင်သည် မတ် ၃၁ ရက်တွင် ကျင်းပမည့် နျူကလီးယားထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်သည်။

နျူကလီးယားထိပ်သီးဆွေးနွေးပွဲသည် နျူကလီးယားပစ္စည်းများ အကြမ်းဖက်သမားများလက်ထဲသို့မရောက်ရှိစေရန် တားမြစ်ထိန်းချုပ်ရေးအတွက် အဓိကထားဆွေးနွေးမည်ဟု မျှော်လင့်ရသည်။ ထို့ပြင် တရုတ်နှင့် အမေရိကန်ခေါင်းဆောင်တို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှုများနှင့် တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်အတွင်း စစ်အင်အားတိုးချဲ့မှု လုပ်ဆောင်ချက်များကိုလည်း ဆွေးနွေးကြမည်ဟု ယူဆရသည်။

ရှီကျင့်ဖျင်သည် အမေရိကန်နိုင်ငံသို့ မသွားရောက်မီ ချက်သမ္မတနိုင်ငံသို့ ဦးစွာသွားရောက်ပြီး ချက်သမ္မတ မီလော့စ်ဇီမန်နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ ချက်သမ္မတ မီလော့စ်ဇီမန်သည် လွန်ခဲ့သည့်နှစ် စက်တင်ဘာလတွင် ပေကျင်းမြို့၌ကျင်းပသည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် တစ်ဦးတည်းသော နိုင်ငံ့ခေါင်းဆောင်ဖြစ်သည်။ ယင်းစစ်ရေးပြအခမ်းအနားသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု နှစ်(၇၀)ပြည့်အထိမ်းအမှတ်ပွဲဖြစ်သည်။ ရှီကျင့်ဖျင်၏ ချက်သမ္မတနိုင်ငံခရီးစဉ်သည် အပြန်အလှန်သွားလာလည်ပတ်မှုအဖြစ်ယူဆရသကဲ့သို့ ချက်သမ္မတနိုင်ငံနှင့် စီးပွားရေးနှင့် အခြားသောဆက်ဆံရေးကဏ္ဍများမြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်မည်ဟု သံတမန်ရေးလေ့လာသူများက သုံးသပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**

# ကမ္ဘောဒီးယားနိုင်ငံရှိ ပြည်နယ်အားလုံးနီးပါး မိုးခေါင်မှုဒဏ်ကြုံတွေ့နေ

**ဖနောင်ပင် မတ် ၂၃**

ကမ္ဘောဒီးယားနိုင်ငံရှိ ပြည်နယ်အားလုံးနီးပါး မိုးခေါင်မှုကြုံတွေ့နေရသော်လည်း ပြည်နယ်အနည်းငယ်သာလျှင် ရေပြတ်လပ်မှုကို ရင်ဆိုင်ရလျက်ရှိကြောင်း မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးအား ကိုးကား၍ ဒေသန္တရသတင်းစာ ခမာတိုင်းစ်က ရေးသားဖော်ပြသည်။



ခြောက်သွေ့ရာသီအတွင်း ရေကိုထိန်းသိမ်းထားရန်နှင့် နေ့စဉ်ရေသုံးစွဲမှုကို လိုအပ်သောပမာဏထက် ပိုမိုသုံးစွဲခြင်းမပြုရန် ပြည်သူအားလုံးသို့ ညွှန်ကြားထားကြောင်း ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး အွမ်ရိုင်နာက ပြောကြားသည်။ ဝန်ကြီးဌာနအနေဖြင့် မိုးရာသီရောက်သည့်တိုင် ရေများသိုလှောင်ထားရန်၊ ခြောက်သွေ့ရာသီအတွင်း ကျန်းမာရေးအတွက် ရေလုံလောက်စွာ သောက်သုံးရန် ပြည်သူအားလုံးသို့ သတိပေးထားကြောင်း ၎င်းကဆိုသည်။

ဝေးလံခေါင်ဖျားသော ပြည်နယ်များမှာ ဆိုးရွားသောရေပြတ်လပ်မှုများ ကြုံတွေ့ရလျက်ရှိပြီး ရေထွက်ရှိရာနေရာများမှ ဝေးကွာသောဒေသများတွင် နေထိုင်သူအများအပြားမှာ ရေပြတ်လပ်မှုကြုံတွေ့နေရကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတစ်ခုတည်းသာလျှင် ရေပြတ်လပ်မှုကို ကြုံတွေ့နေရခြင်းမဟုတ်ဘဲ ထိုင်း၊ လာအို၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံမှ ဒေသအချို့အပါအဝင် မဲခေါင်ဒေသနိုင်ငံများမှာလည်း အလားတူအခြေအနေများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ မတ် ၁၅ ရက်မှ ဧပြီ ၁၀ ရက်အထိ မိုးခေါင်ရေရှားမှုဒဏ်ခံ မဲခေါင်ဒေသနိုင်ငံများသို့ ရေလွှတ်ပေးမှုအတွက် ကမ္ဘောဒီးယား အကြီးတန်းတာဝန်ရှိသူတစ်ဦးက တရုတ်နိုင်ငံအား ကြိုဆိုဂုဏ်ပြုလိုက်သည်။ “မကြာသေးမီ အချိန်က မိုးခေါင်ရေရှားမှုကြောင့် တရုတ်နိုင်ငံက မဲခေါင်ဒေသနိုင်ငံတွေကို ရေလွှတ်ပေးခဲ့ပါတယ်။ ဒီလုပ်ရပ်က မဲခေါင်ဒေသနိုင်ငံ ခေါင်းဆောင်တွေထံက လှိုက်လှဲတဲ့နှစ်ထောင်းသဘောကျမှုကို ရရှိစေခဲ့ပါတယ်”ဟု ဝန်ကြီးချုပ်ဟွန်ဆန်ရုံး ဝန်ကြီး ဆရိုင်သာမာရောင်က သတင်းထောက်များကို ပြောကြားသည်။

**ဆင်ဟွာ။**

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သော ဘရပ်ဆယ်လေဆိပ်ကို ဆက်လက်ပိတ်ထား

**ဘရပ်ဆယ် မတ် ၂၃**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ မတ် ၂၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ဘရပ်ဆယ်လေဆိပ်ကို ဆက်လက်ပိတ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရပ်ဆယ်မြို့ရှိ နိုင်ငံတကာလေဆိပ်နှင့် မြေအောက်ရထားဘူတာရုံတို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ အမေရိကန်ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က ဘယ်လ်ဂျီယံထောက်လှမ်းရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဘရပ်ဆယ်မြို့၌ လူပေါင်း ၃၁ ဦးထက်မနည်းသေဆုံးခဲ့ရပြီး ၂၅၀ ခန့် ဒဏ်ရာရရှိခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုသည် မိမိတို့၏ လက်ချက်ဖြစ်သည်ဟု အိုင်အက်စ်အိုင်အက်စ်အဖွဲ့က ပြောကြားသည်။

ဘရပ်ဆယ်လေဆိပ်၌ အသေခံဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့သူများအဖြစ် မသင်္ကာရသူများကို ဖမ်းဆီးရမိနိုင်ရန် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ဗုံးပေါက်ကွဲမှုများမဖြစ်ပွားမီ မိနစ်ပိုင်းအလိုတွင် လေဆိပ်ရှိ စီစီတီဗွီကင်မရာက လာချရူအီကို၏ရုပ်ပုံကို မှတ်တမ်းတင်ခဲ့သည်။ ၎င်းသည် ဦးထုပ်တစ်လုံးဆောင်းထားပြီး အဖြူရောင်ကုတ်အင်္ကျီဝတ်ဆင်ထားကာ အကြမ်းဖက်သမားအဖြစ် သင်္ကာမကင်းဖြစ်ရသည်။

လွန်ခဲ့သည့်နှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ အကြမ်းဖက်သမားများက အသုံးပြုခဲ့ကြသော နေအိမ်များ၌ လာချရူအီကို၏ ဒီအင်န်အေကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားကြသည်။

လာချရူအီကိုသည် ပါရီအကြမ်းဖက်တိုက်ခိုက်မှုများအတွက် အဓိကမသင်္ကာရသူ ဆာလားအဗ္ဗဒူဆလမ်နှင့်အတူ စက်တင်ဘာလက ဟန်ဂေရီနိုင်ငံသို့ ခရီးသွားရောက်ခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားကြသည်။

ဘရပ်ဆယ်၌ အကြမ်းဖက်တိုက်ခိုက်ခဲ့သူများအဖြစ် မသင်္ကာရသူသုံးဦးသည် ပါရီ၌တိုက်ခိုက်မှုပြုလုပ်ခဲ့သော အိုင်အက်စ်အကြမ်းဖက်သမားများနှင့် တိုက်ရိုက်ဆက်နွှယ်မှုရှိကြောင်း ဘယ်လ်ဂျီယံသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**ရိုက်တာ။**



# ပရိသတ်ရှေ့မှောက်ပြန်လည်ရောက်ရှိလာတော့မယ့် “CNBLUE”



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “CNBLUE”ဟာ လာမယ့်ဧပြီလအတွင်း အဖွဲ့ရဲ့ခြောက်ခုမြောက် မီနီတေးအယ်လ်ဘမ်နဲ့အတူ ပရိသတ်ရှေ့မှောက် ပြန်လည်ရောက်ရှိလာတော့မှာဖြစ်ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ ဧပြီ ၄ ရက်မှာ တေးအယ်လ်ဘမ်သစ် “Blueming”ကို စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး အဆိုပါတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့တေးသီချင်းအများစုဟာ ဆောင်းရာသီနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ခံစားရေးဖွဲ့ထားတာဖြစ်ကြောင်း သိရပါတယ်။

“ CNBLUE ”ဟာ “I'm Sorry” နဲ့ “Can't Stop” တေးသီချင်းတွေနဲ့ ပရိသတ်ရင်ထဲ ထိုးဖောက်နိုင်ခဲ့ပြီး အောင်မြင်မှုတွေရရှိခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ခုနစ်လခန့်က နောက်ဆုံးထွက်ရှိထားတဲ့ အဆိုပါတေးဂီတအဖွဲ့ရဲ့ ဒုတိယမြောက်တေးအယ်လ်ဘမ် “2gether”မှာ ပါဝင်တဲ့တေးသီချင်း “Cinderella”ဟာလည်း ဟောင်ကောင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့က တေးဂီတဝက်ဘ်ဆိုက်တွေမှာ ထိပ်ဆုံးကရပ်တည်ခဲ့ပါတယ်။

**အေးပြည့်စုစည်းသည်**

## ပရိသတ်တွေကို နောက်ထပ်လက်ခံတွေ့ဆုံတော့မှာမဟုတ်ကြောင်း ဂျက်စတင်ဘီဘာပြောကြား

ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာက လတ်တလောပြုလုပ်လျက်ရှိတဲ့ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့တေးအယ်လ်ဘမ် “Purpose” အတွက် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေအတွင်းမှာ သူ့ရဲ့ပရိသတ်တွေနဲ့ လက်ခံတွေ့ဆုံသွားဖို့ စီစဉ်ထားတဲ့အစီအစဉ်တွေအားလုံးကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့အင်္ဂါနေ့က ရေးသားဖော်ပြခဲ့ပါတယ်။

ယခုလို ပရိသတ်တွေနဲ့ နောက်ထပ်လက်ခံတွေ့ဆုံမယ့်အစီအစဉ်တွေကို ဖျက်သိမ်းလိုက်ရတဲ့အကြောင်းရင်းကတော့ ပရိသတ်တွေနဲ့တွေ့ဆုံရတဲ့အချိန်တွေဟာ သူ့အတွက် စိတ်ပိုင်းဆိုင်ရာမောပန်းနွမ်းနယ်မှုတွေကို ခံစားရစေတဲ့အပြင် စိတ်ဓာတ်ကျတဲ့ ခံစားချက်မျိုးတွေပါ ခံစားရစေတဲ့အတွက်ဖြစ်ကြောင်း ဂျက်စတင်ဘီဘာက ဖွင့်ဟခဲ့တယ်လို့ အမ်တီဗွီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး ဘီဘာက တေးသီချင်းတွေနဲ့ ပရိသတ်တွေကို သီဆိုဖျော်ဖြေချိန်မှာ စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုးမရှိဘဲ စိတ်ခံစားမှုကောင်းကောင်းနဲ့ ပရိသတ်ကို ဖျော်ဖြေမှုအပြည့်အဝပေးနိုင်ဖို့ ဖျော်ဖြေပွဲမစခင် ပရိသတ်တွေနဲ့ လက်ခံတွေ့ဆုံဖို့ အစီအစဉ်တွေကို ဖျက်သိမ်းခဲ့ရတာ ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ အင်္ဂါနေ့က အိုင်ဒေါလိတ်တာကုမ္ပဏီက သူ့ရဲ့ဝက်ဘ်ဆိုက်ပေါ်မှာ ထုတ်ဖော်ရေးသားခဲ့တာကတော့ ယခုလို ဂျက်စတင်ဘီဘာက သူ့ရဲ့ပရိသတ်နဲ့တွေ့ဆုံမယ့်အစီအစဉ်တွေကို ရုတ်တရက်ဖျက်သိမ်းခဲ့တာဟာ မကြာသေးမီကပြုလုပ်ခဲ့တဲ့ သူ့ရဲ့ ဖျော်ဖြေပွဲတစ်ခုမှာ လုံခြုံရေးဆိုင်ရာပြဿနာရှိခဲ့တာကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။

ဂျက်စတင်ဘီဘာရဲ့ စတုတ္ထမြောက် စတူဒီယို တေးအယ်လ်ဘမ်“Purpose”အတွက် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အနေနဲ့ ပြီးခဲ့တဲ့ မတ် ၉ ရက်က ဝါရှင်တန်မြို့တော်မှာ စတင်ဖျော်ဖြေခဲ့ပြီး လာမယ့် နိုဝင်ဘာ ၂၉ ရက်တွင် လန်ဒန်မြို့မှာ အဆုံးသတ်ဖျော်ဖြေသွားမှာဖြစ်ကြောင်း သိရပါတယ်။




## ကြေးမုံ ရုပ်ရှင်အညွှန်း

### ဖေ့ဘွတ်ခ်အသုံးပြုရင်း အသက်အန္တရာယ်ကျရောက်လုနီးနီးဖြစ်ခဲ့ရပုံများကို ရိုက်ကူးတင်ဆက်ထားသည့် Friend Request

သည်းထိတ်ရင်ဖိုဇာတ်ကားများကို နှစ်သက်ကြသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် ယခုတစ်ပတ်တွင် ဖေ့ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာကို နှစ်သက်ခုံမင်စွာ အသုံးပြုလေ့ရှိသည့် ကောင်မလေးတစ်ဦးနှင့် ဖေ့ဘွတ်ခ်အသုံးပြုရင်း အသက်အန္တရာယ်ကျရောက်လုနီးနီးဖြစ်ခဲ့ရပုံများကို ရိုက်ကူးတင်ဆက်ထားသည့် Friend Request လို့အမည်ရတဲ့ ဂျာမန်သည်းထိတ်ရင်ဖိုဇာတ်ကားတစ်ကားနဲ့ မိတ်ဆက်ပေးချင်ပါတယ်။




အဲဒီဇာတ်ကားရဲ့ အမြည်းကို တင်ပြရမယ်ဆိုရင် ကောလိပ်တစ်ခုမှာ ထင်ပေါ်ကျော်ကြားပြီး လူချစ်လူခင်များတဲ့ လူရာလို့ခေါ်တဲ့ ကောင်မလေးတစ်ယောက်ဟာ ဖေ့ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာတွေမှာ သူငယ်ချင်းတွေများစွာနဲ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားပျော်မွေ့နေရာကနေ တစ်နေ့မှာ သူမသိတဲ့ Marina လို့အမည်ရတဲ့ မိန်းကလေးသူငယ်ချင်းတစ်ယောက်ရဲ့ သူငယ်ချင်းအဖြစ်ကမ်းလှမ်းမှု Friend Request ကို လက်ခံရရှိခဲ့ပါတယ်။

အဲဒီလိုလက်ခံပြီးတဲ့နောက်မှာ လူရာဟာ ထူးထူးခြားခြားခံစားမှုတွေနဲ့ စိတ်ခြောက်ခြားမှုတွေ ကြုံတွေ့လာရပြီး ဖေ့ဘွတ်ခ်က သူ့ရဲ့သူငယ်ချင်းတွေဟာလည်း တစ်ယောက်ပြီးတစ်ယောက် ရက်စက်စွာ သတ်ဖြတ်ခံရလာပါတယ်။

လူရာဟာ အဲဒီအဖြစ်အပျက်တွေနဲ့ပတ်သက်နေတဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်က Marina ဆိုတဲ့ လျှို့ဝှက်ပြီး ကြောက်စရာကောင်းတဲ့ မိန်းကလေးက ဘယ်သူလဲဆိုတာကို သူမရဲ့အသက်အန္တရာယ် မကျရောက်မီရက်ပိုင်းအလိုမှာ ဖော်ထုတ်နိုင်ခဲ့ပုံကို ရိုက်ကူးတင်ဆက်ထားတဲ့ သည်းထိတ်ရင်ဖိုဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

ဒီဇာတ်ကားကို ဇန်နဝါရီ ၇ ရက်က ဂျာမနီနိုင်ငံမှာစတင်ပြသခဲ့ပြီးတော့ မြန်မာနိုင်ငံမှာလည်း ရန်ကုန်မြို့ရှိ ရွှေ့ဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)နဲ့ မင်္ဂလာထွန်းသီရိ ရုပ်ရှင်ရုံတွေမှာ လာမယ့် မတ် ၂၅ ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

**(ဖြိုးစန္ဒာမြင့်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄ - ၃ - ၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

6:00အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆:၃၀ ပြည်သူ့နီတိ
“ပြိုင်တူတွန်းလှျင်ရွှေ့နိုင်ပါသည်”
၆:၅၀ တေးဂီတအစီအစဉ်
၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ
“လျှို့ဝှက်သော ပုစ္ဆာ”
(အပိုင်း-၈)
၇:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
“အချစ်စစ်ရဲ့အလှတရား”
(အပိုင်း-၈)
၈:၃၀ ကာတွန်းအစီအစဉ်
"BEN 10 ALIEN FORCE (Part-XVIII)"
၉:၀၀ တေးဂီတအစီအစဉ်
၉:၁၀ English Premier League Review (အပိုင်း-၂)
၉:၃၀ ရွှေမန်းဇာတ်သဘင်
၁၀:၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
“ကောင်းကင်တစ်ခုအလိုရှိသည်”
၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ အနုပညာသတင်းအစီအစဉ်
၈:၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ်
၉:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၉:၅၅ ASEAN Sport Light (Safe Food)
၁၀:၃၅ အလုပ်အကိုင်အခွင့်အလမ်းအစီအစဉ်
၁၁:၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
“မြင့်မိုရ် မေမေ” (အပိုင်း-၁၈)
၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
“မြစိမ်းရောင် သံစဉ်”
(အပိုင်း-၂၈)
၂:၁၀ သုခုမရင်ခွင်အငြိမ့်သဘင်
“ယူနစ် အငြိမ့်”
၃:၃၅ “အယ်နီညိုသက်ရောက်မှုကြောင့်ဖြစ်ပေါ်လာနိုင်မည့် ကျန်းမာရေးဆိုင်ရာများနဲ့ပတ်သက်ပြီး ဒေါက်တာစိုးလွင်ငြိမ်း (ညွှန်ကြားရေးမှူးချုပ်) ဆွေးနွေးချက်”
၄:၁၅ “ပင်လယ်ထဲကလက်တွဲဖော်”
၄:၃၅ Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၅:၁၅ Weekly Sport Info
၅:၃၅ ပြည်သူတို့ရဲ့စကားသံများ
၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
“မြစိမ်းရောင်သံစဉ်”
(အပိုင်း-၂၉)
၉:၀၀ ပြည်တွင်းသတင်း၊
-နိုင်ငံတကာသတင်း၊
-မိုးလေဝသအခြေအနေ
၉:၃၅ “နေပြည်တော်အမျိုးသားပြတိုက်”
၁၀:၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ
“မြင့်မိုရ်မေမေ”
(အပိုင်း-၁၉)
-မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်
(အပိုင်း-၂)

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
၅:၄၀ “ထူးတာရှာလူမှာတွေ့”
တရားတော်
[ဆရာတော် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)]
၈:၀၀ “မင်္ဂလာပါ”
The Morning Show
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၀ အနုပညာမိုးကောင်းကင်
၁၁:၂၅ Food & D'ecor
၁၁:၅၅ MRVT-4 Stage
၁၂:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ဂန္ထဝင်ကုန်သည်” (အပိုင်း-၄၀)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
“မေတ္တာအသည်းမွှာ”
(အပိုင်း-၄၇)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ထာဝရ ချစ်သူသည်သာ”
(အပိုင်း-၁၁)
၄:၀၀ Cartoon Series (Welcome To Sky Ville)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ထာဝရ ချစ်သူသည်သာ”
(အပိုင်း-၁၂)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
“မေတ္တာအသည်းမွှာ”
(အပိုင်း-၄၈)
၈:၂၀ ရသစုံညွှမ်းတမ်းများ
၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“အိမ်ရှင်မတို့ချစ်စကား”
(အပိုင်း-၆၁)
၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ဂန္ထဝင်ကုန်သည်”
(အပိုင်း-၄၁)
၁၀:၄၀ World of Knowledge(Classified Secret Service Files-United Nations Lockdown)

### မြဝတီ

၆:၀၃ တရားတော်
၆:၂၀ မေတ္တာပို့
၆:၂၅ ဓမ္မပူဇာတေး
၆:၅၅ မြန်မာသံစဉ်ချိုနားဝင်
၇:၂၀ အမျိုးသားရေးတေးကဗျာ
၈:၁၀ ရွှေးဟောင်းသုတ
၈:၂၅ DVD Hits
၈:၃၅ ဟန်ချက်ညီညီ
နိုင်ငံတော်သစ်ဆီ
၈:၅၅ လှုပ်တစ်ပြက်
၄:၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၄၀ ဇာတ်လမ်းတို
၄:၄၅ ဗီစီဒီကျော်ကြားတေး
၄:၅၀ မွေးမြူသုတ
၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၅:၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
“အယ်ဒါနာ”
အပိုင်း(၁၀)
၆:၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆:၃၅ ကိုယ်ပျောက်လူသား
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
“ရွှေရောင်သက်တံများ”
အပိုင်း(၄၁)
-ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
-(၇၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
-နှလုံးသားနဲ့စစ်သည်တာဝန်ကျော်ဟိန်း၊ ခင်သန်းနု၊ ယဉ်ယဉ်အေးနှင့်သရုပ်ဆောင်များ
ဒါရိုက်တာစိန်တင်
-မြဝတီရုပ်မြင်သံကြားသတင်း
-တရားတော်
-သင့်အတွက်မနက်ဖြန်
-အပိတ်နှုတ်ဆက်စကား

အားကစား

# သင်္ကြန်ဖိုက် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မြန်မာ-ရုရှား ရိုးရာလက်ဝှေ့ချန်ပီယံများ ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၂၃**

မြန်မာ-ရုရှား ရိုးရာလက်ဝှေ့ချန်ပီယံများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည့် သင်္ကြန်ဖိုက်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။



မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မျိုးဆက်သစ်လေးချိပွဲစဉ်များနှင့် မြန်မာ-ရုရှား အထူးငါးချိစိန်ခေါ်ပွဲများ ပါဝင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲ(၈၀)ကီလိုတန်းတွင် မြန်မာပြည် အလွတ်တန်းလက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်းနှင့် အာရှ-ဥရောပ လက်ဝှေ့ချန်ပီယံများဖြစ်ပြီး ရုရှားနိုင်ငံလုံးဆိုင်ရာ ရိုးရာလက်ဝှေ့ချန်ပီယံ ၂၀၁၅ ဆုရှင် အသက်(၂၉)နှစ်ရှိ လုဒ်ဝစ်ဒိုချိယန်(ရုရှား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၇၅ ကီလိုတန်းတွင် ဒဂုံရွှေအောင်လံနှင့် အရှေ့တောင်အာရှဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တူးတူး(မြန်မာ)နှင့် ရုရှားနိုင်ငံလုံးဆိုင်ရာ ရိုးရာလက်ဝှေ့ချန်ပီယံ ၂၁ နှစ်အရွယ်ရှိ ဆပ်ရှာကော့ဗ်အာတမ်(ရုရှား)တို့က ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

သင်္ကြန်ဖိုက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ရုရှားနိုင်ငံ မော်စကိုမြို့ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် တာဝန်ရှိသူများနှင့် ဆက်သွယ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်များနှင့်အညီ ယှဉ်ပြိုင်ထိုးသတ်နိုင်မည့် ရုရှားလက်ဝှေ့သမားများကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းငါးချိစိန်ခေါ်ပွဲများတွင် ထည်ကြီး(STL)နှင့် ထွန်းလွင်မိုး(နဂါးမာန်)၊ နယ်စပ်လက်ဝှေ့ကျော် ရွှေဖြူမင်း (ရွှေသောင်ရင်း) နှင့် သားအသည်းတစ်ပွင့် (ဗမာ့သွေး)၊ ရွှေခါးပတ်ချန်ပီယံ ရွှေမင်းရာဇာ (ရွှေကုက္ကို)နှင့် ဒေါင်းသည်းခြေ (အောင်မြန်မာ) တို့ ပွဲစဉ်များနှင့် မျိုးဆက်သစ်လေးချိပွဲစဉ်များတွင် ကျန်ကျောင်း(ဗမာ့သွေး)နှင့် ရွှေခြူးအောင်(ရွှေကုက္ကို)၊ ဆင်ရိုင်းလေး (ရွှေသောင်ရင်း)နှင့် ရဲမာန်ဟိန်း (ထွန်းထွန်းမင်း)တို့ တွဲဆိုင်းများ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ကျော်ဦး၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

# မှတ်ချက်အတွက် ပြန်တောင်းပန်ခဲ့ရသည့် နိုဗက်ဂျိုကိုဗစ်ချ်




ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမားဖြစ်သည့် နိုဗက်ဂျိုကိုဗစ်ချ်က အမျိုးသားများမှာ အမျိုးသမီးများထက် ဆုကြေးငွေ ပိုမိုရသင့်သည်ဟု အဓိပ္ပာယ်ရသည့် သူ၏အငြင်းပွားဖွယ်မှတ်ချက်အတွက် ပြန်လည်တောင်းပန်ခဲ့ရကြောင်း ဘီဘီစီ သတင်းတစ်ရပ်၌ ဖော်ပြသည်။ ဂျိုကိုဗစ်ချ်က အားကစားလောက ပိုမိုတိုးတက်လာစေရန် မျှတသည့်ဆုကြေးခွဲဝေမှုရှိသင့်ကြောင်း ပြန်လည်ပြင်ဆင်ပြောကြားခဲ့သလို သူ၏ ထင်မြင်ယူဆချက်မှာ မှားယွင်းခဲ့ကြောင်း ဝန်ခံခဲ့သည်။ ဂျိုကိုဗစ်ချ်က သူ၏မှတ်ချက်အတွက် ထိခိုက်နစ်နာခဲ့ရသူများအားလုံးကို တောင်းပန်ကြောင်းလည်း တစ်ဆက်တည်းပင် ပြောကြားလိုက်သည်။

ဂျိုကိုဗစ်ချ်၏ မှတ်ချက်အပေါ် တင်းနစ်လောကတွင် ပုံရိပ်မြင့်မားသည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆရီနာဝီလျံနှင့် ကမ္ဘာ့အဆင့်(၂)အမျိုးသားတင်းနစ်ကစားမား အန်ဒီမာရေးတို့က အပြင်းအထန်ဝေဖန်ခဲ့ကြသည်။ ဆရီနာဝီလျံက "ကျွန်မမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိရင် သူတို့ရှေ့မှာ ဒါမျိုးပြောမိမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ လိင်ခွဲခြားရာရောက်ပါတယ်။ သူ့မှာ သမီးတစ်ယောက်ရှိရင် ဒါမျိုးမှတ်ချက်ပြုဖို့ မသင့်ပါဘူး"ဟု ဝေဖန်ပြောကြားခဲ့သည်။ အန်ဒီမာရေးကလည်း အမျိုးသမီးနှင့် အမျိုးသား ဆုကြေးရရှိမှု ညီမျှစေလိုသည့် သူ၏အမြင်မှာ ဂျိုကိုဗစ်ချ်နှင့် ကွဲပြားနေမည်ဖြစ်ပြီး ယူအက်စ်အိုးပင်း၌ ဆရီနာဝီလျံကစားမည့် ပွဲစဉ်လက်မှတ်များမှာ အမျိုးသားပွဲစဉ်လက်မှတ်များထက် ရောင်းရသည်ကို သတိပြုစေလိုကြောင်း တုံ့ပြန်လိုက်သည်။ ဂျိုကိုဗစ်ချ်သည် လက်ရှိတွင် ဂရင်းစလင်း(၁၁)ကြိမ်အထိ ဆွတ်ခူးထားသော်လည်း နာဒဲလ်နှင့် ဖက်ဒရာတို့ကဲ့သို့ နှစ်ဦးပေါင်း ဂရင်းစလင်းချန်ပီယံဆု (၃၁)ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သော ကစားသမားများနှင့် နှိုင်းယှဉ်ခြင်းမပြုနိုင်သေးကြောင်း တင်းနစ်လောကအား ပရိသတ်များစိတ်ဝင်စားမှုပိုမိုမြင့်တက်နေခြင်းမှာ ဆရီနာဝီလျံ၊ နာဒဲလ်နှင့် ဖက်ဒရာတို့ကြောင့်သာဖြစ်ပြီး ထိုကဲ့သို့ ကြီးကျယ်ခမ်းနားသည့် ကစားသမားများကို ကျေးဇူးတင်သင့်ကြောင်း မာရေးက မှတ်ချက်ပြုခဲ့သည်။

Indian Wells တင်းနစ်ပြိုင်ပွဲကျင်းပရေး ဒါရိုက်တာ ရေမွန်မောလ်က အမျိုးသမီးတင်းနစ်ပြိုင်ပွဲများမှာ အမျိုးသားပြိုင်ပွဲများလောက် ပရိသတ်အာရုံစိုက်မှုမရရှိကြောင်းနှင့် ပြိုင်ဆိုင်မှုမပြင်းထန်ကြောင်း မှတ်ချက်ပြုခဲ့ခြင်းအပေါ် ဂျိုကိုဗစ်ချ်က ထောက်ခံစကားဆိုခဲ့ရာ နောက်ဆက်တွဲအငြင်းပွားစရာကိစ္စရပ်များ ကြုံတွေ့လာရခြင်းဖြစ်သည်။ ဂျိုကိုဗစ်ချ်က" တင်းနစ်ကစားခြင်းက ကျွန်တော့်ဘဝကို များစွာအထောက်အကူပြုပြီး ဒီနေ့ဒီအချိန်မှာ အခုလို ရပ်တည်နိုင်တာက ဒီကစားနည်းကြောင့်ပါ။ အားလုံးဟာ အကောင်းဆုံးအားထုတ်မှုတွေနဲ့ ယှဉ်ပြိုင်ရတာဖြစ်လို့ လိင်ခွဲခြားမှုသက်ရောက်စေတာမျိုးဖြစ်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်။ အားလုံးဟာ ညီမျှတဲ့ ငွေကြေးခွဲဝေမှုရသင့်ပါတယ်။ ဒါမှသာ အားကစားလောက ပိုဖွံ့ဖြိုးလာမှာဖြစ်ပါတယ်"ဟု မတ် ၂၃ ရက်တွင် သူ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် ပြန်လည်ရှင်းလင်းလိုက်သည်။

**(မေလဲ့သင်း)**

# အန်စယ်လော့တီသာ ဘိုင်ယန်အတွက် ပြီးပြည့်စုံသည့် နည်းပြဟုဆို

ဂျာမန်ဘွန်ဒက်စ်လီဂါ ကလပ် ဘိုင်ယန်မြူးနစ်အသင်း၏ လက်ရှိနည်းပြ ဂွါဒီယိုလာသည် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းကို ပြောင်းရွှေ့ကိုင်တွယ်တော့မည်ဖြစ်ရာ ဘိုင်ယန်မြူးနစ်အသင်းအတွက် နည်းပြလက်မဲ့ဖြစ်လာမည်ဖြစ်ပြီး အဆိုပါလစ်လပ်လာမည့် နည်းပြနေရာအတွက် အန်စယ်လော့တီသာ ပြီးပြည့်စုံသည့် နည်းပြတစ်ဦးဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးဟောင်း လူကာတိုနီက ၎င်း၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

နည်းပြအန်စယ်လော့တီသည် အောင်မြင်မှုရရှိထားသည့် နည်းပြတစ်ဦးဖြစ်ပြီး အီတလီ၊ စပိန်၊ အင်္ဂလန်နှင့် ပြင်သစ်မြေတို့ရှိ ကလပ်အသင်းများကို ကိုင်တွယ်ခဲ့စဉ်က ဆုဖလားများဆွတ်ခူးပေးထားနိုင်ခဲ့သည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

နည်းပြအန်စယ်လော့တီသည် ကစားသမားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သတင်းစာဆရာများ စသည်ဖြင့် လူတိုင်းနှင့် နွေးထွေးပျူငှာစွာဆက်ဆံတတ်သည့် ဆက်ဆံရေးရှိသူလည်းဖြစ်ကြောင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းအတွက်လည်း သင့်တော်သည့် နည်းပြတစ်ဦးဖြစ်ကြောင်း လူကာတိုနီက ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာခဲ့သည့်အချိန်မှစတင်ကာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဆုဖလားများရယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့အတူ နည်းပြအန်စယ်လော့တီသည်လည်း ၎င်း၏နည်းပြသမိုင်းတစ်လျှောက်တွင် ချန်ပီယံလိဂ်ဆုဖလားသုံးကြိမ်အထိ ဆွတ်ခူးပေးနိုင်ခဲ့သည့် အဆင့်မြင့်တန်းဝင် နည်းပြတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးဟောင်း လူကာတိုနီက ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကုန်တွင် ဘိုင်ယန်မြူးနစ်အသင်း နည်းပြသစ်အဖြစ် အန်စယ်လော့တီအား မြင်တွေ့ရန်ဆန္ဒရှိကြောင်းနှင့် လက်ရှိတွင် အန်စယ်လော့တီမှာ မည်သည့်အသင်းကိုမျှ ကိုင်တွယ်နေခြင်းမရှိဘဲ အသင်းလက်မဲ့ဖြစ်နေသည့်နည်းပြဖြစ်ကြောင်း ပြောကြားခဲ့သည်။



**ငွေကြယ်**

# အာဆင်နယ်မှ ထွက်ခွာရန်အစီအစဉ်မရှိဟု အိုဇေးလ်ဖွင့်ဟ

အာဆင်နယ်အသင်းကို နည်းပြအာစင်ဝင်းဂါးသာ ဆက်လက်ကိုင်တွယ်သွားပါက လာမည့်နွေဈေးကွက်တွင် အိုဇေးလ်အနေဖြင့် အာဆင်နယ်မှ သေချာပေါက် ထွက်ခွာတော့မည်ဖြစ်ကြောင်း စပိန်မီဒီယာများ၏ ဖော်ပြချက်မှာ အဓိပ္ပာယ်မရှိသည့် ရေးသားချက်များပင်ဖြစ်ကြောင်း အိုဇေးလ်က တုံ့ပြန်လိုက်သည်။ အိုဇေးလ်မှာ အာဆင်နယ်၏ လက်ရှိအနေအထားအပေါ် စိတ်ပျက်လျက်ရှိပြီး ဝင်းဂါးသာ အာဆင်နယ်ကို လာမည့်ရာသီတွင် ဆက်လက်ကိုင်တွယ်ရန် သေချာမည်ဆိုလျှင် လာလီဂါသို့ ပြန်လည်အခြေချရန်ပြင်ဆင်နေပြီဖြစ်ကြောင်း မတ် ၂၂ ရက်ထုတ် စပိန်အပတ်စဉ်အားကစားစာစောင် ဒွန်ဘာလွန်က ရေးသားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အိုဇေးလ်က ပရိသတ်များအနေဖြင့် ဝင်းဂါးကို ထုတ်ပယ်ရန် ဖိအားပေးရေးဆန္ဒရှိနေကြောင်းလည်း အဆိုပါအားကစားစာစောင်ကပင် ဆက်လက်ရေးသားထားသည်။

သို့သော် "ဒီနေ့ သတင်းတွေမှာရေးထားတာကို ကျွန်တော်ဖတ်ခဲ့ရပါတယ်။ ကျွန်တော် အာဆင်နယ်ကို ရောက်လာကတည်းက ဝင်းဂါးကြောင့်သာ အကောင်းဆုံးဘောလုံးရာသီတွေကို ပိုင်ဆိုင်ရတာပါ။ ဒီအနေအထားက ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ အာဆင်နယ်အသင်းကို လေးစားပါတယ်" ဟု အိုဇေးလ်က တွစ်တာစာမျက်နှာပေါ်တွင် ရေးသားထားသည်။ အိုဇေးလ်သည် ၂၀၁၃ ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်မှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေးပေါင် ၄၂ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး စုစုပေါင်း ၁၀၉ပွဲ ဝင်ရောက်ကစားခဲ့ရာ ၁၉ ဂိုးသွင်းယူနိုင်ခဲ့သည်။ အာဆင်နယ်သည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းမှာပင် အက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ်ဖလား ပြိုင်ပွဲများမှ ထွက်ခွာခဲ့ရသလို သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား၌ ဦးဆောင်သူလက်စတာအောက်ရှစ်မှတ်အထိကွာဟသွားခဲ့ရာ အသင်းပရိသတ်များက ဝင်းဂါးအပေါ် ဝေဖန်ပြစ်တင်မှုများ ပိုမိုအရှိန်မြှင့် လုပ်ဆောင်လာခဲ့ကြသည်။ အာဆင်နယ်သည် ပြီးခဲ့သည့် နှစ်ရာသီဆက် အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုနှစ် ကွာတားဖိုင်နယ်အဆင့်တွင် ဆွမ်ဆီးအား အရေးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီဖြစ်သည်။

## ဂါရတ်ဘေးလ်အား ကာလကြာရှည်ဆက်ရှိစေရန် ရီးယဲလ်မက်ဒရစ် ကြိုးပမ်းမည်

ရီးယဲလ်မက်ဒရစ်အသင်းသည် တောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်အား ကာလကြာရှည်ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုရန် အမြန်ဆုံးပြင်ဆင်သင့်ပြီဖြစ်ကြောင်း ရီးယဲလ်ဥက္ကဋ္ဌဟောင်း ကယ်လ်ဒါရွန်၏ တိုက်တွန်းချက်ကို ကိုးကား၍ စကိုင်းစပို့က ဖော်ပြသည်။ အသက်(၂၆)နှစ်အရွယ်ရှိ ဘေးလ်မှာ ရီးယဲလ်နှင့် စာချုပ်သက်တမ်းသုံးနှစ် ကျန်ရှိနေသေးသော်လည်း ၂၀၂၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုရန် ရီးယဲလ်ဘက်မှ အမြန်ဆုံးပြင်ဆင်သင့်ပြီး ကစားသမားဘက်မှလည်း သဘောတူညီမည်ဟု ကယ်လ်ဒါရွန်က မျှော်လင့်နေခြင်းဖြစ်သည်။

ဂါရတ်ဘေးလ်အား မန်ယူအသင်းမှ မြင့်မားသည့်လုပ်ခလစာဖြင့် ခေါ်ယူရန် ကြိုးပမ်းနေရာ ဘဏ္ဍာရေးအင်အားတောင့်တင်းလွန်းသော ပရီမီယာလိဂ်သို့ ပြန်လည်ရောက်ရှိသွားမည်ကို ရီးယဲလ်မက်ဒရစ် တာဝန်ရှိသူများက စိုးရိမ်နေခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်က ဂါရတ်ဘေးလ်မှာ ရောင်းချမည့်ကစားသမား စာရင်းတွင် ပါဝင်သူမဟုတ်ဟု တုံ့ပြန်ထားပြီးဖြစ်သည်။ ဘေးလ်သည် ဆီဗီလာအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ပြီးနောက် လာလီဂါ သွင်းဂိုး ၄၁ ဂိုးအထိရှိလာပြီဖြစ်ရာ ဗြိတိသျှလူမျိုးများထဲတွင် လာလီဂါသွင်းဂိုးအများဆုံး သွင်းယူထားနိုင်သည့် ဂယ်ရီလိုင်နီကာ၏ စံချိန်နှင့် တူညီသွားခဲ့ပြီဖြစ်သည်။

## အော့ဘာမီယန်လုပွဲတွင် မန်ယူပါဝင်လာ

ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်အား ပရီမီယာလိဂ်ကလပ်များဖြစ်သည့် ချယ်လ်ဆီး၊ အာဆင်နယ်၊ လီဗာပူးတို့မှ အလိုရှိနေကြသကဲ့သို့ မန်ယူအသင်းကလည်း တိုက်စစ်မှူး မာရှယ်လ်နှင့် တွဲဖက်ကစားရန် ခေါ်ယူလိုနေကြောင်း သိရသည်။ မန်ယူအသင်းသည် အားနည်းနေသော တိုက်စစ်ပြဿနာအတွက် လူငယ်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၊ မာရှယ်လ်တို့ဖြင့် ဖြေရှင်းနေသော်လည်း ပွဲကြီးများတွင် အင်အားကြီးနောက်တန်းတံတိုင်းကို ကျော်ဖြတ်ရန် အတွေ့အကြုံရင့် တိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေခေါ်ယူလိုနေခြင်းဖြစ်သည်။ မန်ယူအသင်းသည် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာတော့မည့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်အားခေါ်ယူရန် ကြိုးပမ်းနေသကဲ့သို့ အော့ဘာမီယန်၊ ဂါရတ်ဘေးလ်အစရှိသည့် တိုက်စစ်ကစားသမားများကိုလည်း ဆက်သွယ်မှုများတောက်လျှောက်ပြုလုပ်နေခဲ့သည်။

သို့သော် အော့ဘာမီယန်က တစ်ချိန်ချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်း၌ ကစားသွားမည်ဖြစ်ပြီး ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် စိတ်ကူးမရှိဟု ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် ပြောကြားထားပြီးဖြစ်သည်။ မန်ယူအသင်းသည် အော့ဘာမီယန်အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း၆၀ဖြင့် ကမ်းလှမ်းခဲ့ရာ ဒေါ့မွန်ဘက်မှရောင်းချရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် လာလီဂါသို့သာ ပြောင်းရွှေ့ချင်နေသည့် အော့ဘာမီယန်အနေဖြင့် မန်ယူသို့သာရောက်ရှိရန် နီးစပ်နေပြီဖြစ်ကြောင်း The Daily Mirror က ဖော်ပြခဲ့သည်။

**ရှိုင်းယန်ဟောဒင် ရေးသားသည်**

# ကျောက်တံခါးမြို့နယ်အတွင်း ကျွန်းသစ်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ကျောက်တံခါး မတ် ၂၃**

ကျောက်တံခါးမြို့နယ် မြို့ချောင်းဒေသ ပဲခူးရိုးမ တောင်ခြေ ရဲနွယ်ကြိုးဝိုင်းနှင့် ဘိုင်ဒါးကြိုးဝိုင်းတွင် သစ်ခိုးထုတ်နေကြောင်း သတင်းအရ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်နှင့် ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါးမြို့နယ်တို့မှ သစ်တောဝန်ထမ်းများ၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ သဘာဝပတ်ဝန်းကျင်/ သားငှက်အဖွဲ့များ ပူးပေါင်း အင်အား ၄၀ ဖြင့် မတ်၂၁ ရက် နံနက် ၁၀ နာရီက ဝင်ရောက်ရှာဖွေရာ သစ်များသိမ်းဆည်းရမိခဲ့သည်။

ဘိုင်းဒါးကြိုးဝိုင်းအကွက် အမှတ်- ၅၅ တွင် ကျွန်းခွဲသားချောင်း ၃၄ ချောင်း၊ ရဲနွယ်ကြိုးဝိုင်းအကွက်အမှတ်- ၁၁ တွင် ကျွန်းခွဲသား အချောင်း ၃၀၊ ပျဉ်းကတိုးခွဲသား လေးချောင်း၊ ရဲနွယ်ကြိုးဝိုင်းအကွက်အမှတ်-၁၂ တွင် ကျွန်းခွဲသား ငါးချောင်း၊ ပျဉ်းကတိုးခွဲသား ခုနစ်ချောင်း၊ ရင်းစပ်ခွဲသား ငါးချောင်း စုစုပေါင်း ၄ ဒသမ ၄၁၈၀ တန်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသစ်များအား မြို့ချောင်းသစ်တောစခန်းသို့ သယ်ယူကာ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# ကျွန်းလှမြို့တွင် မီးရထားနှင့် ထော်လာဂျီယာဉ်တိုက်မိ

**ကျွန်းလှ မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့တွင် မတ်၂၂ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်က မီးရထားနှင့် ထော်လာဂျီယာဉ်တို့ တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘို-မိုးညှင်း ပြေးဆွဲလျက်ရှိသော အမှတ် ၃၉ အဆန်ရထားစက်ခေါင်းအမှတ် DD 959နှင့် ဖိုးသား(ခ) လှိုင်မင်းဝေ မောင်းနှင်လာသော ၈၄/--- လိမ္မော်ရောင်ထော်လာဂျီယာဉ်သည် ပိတောက်မြိုင်ရပ်ကွက်နှင့် သုသာန်သွား ရထားလမ်းဖြတ်နေရာ မိုင်တိုင်အမှတ် (၄၉၉/၁-၂) ကြားတွင် တိုက်မိခဲ့ရာ ရထားမှာ ၄၃ မိနစ်ခန့် ကြန့်ကြာသွားခဲ့ကြောင်း သိရသည်။

သစ်ရာမြိုင်ရပ်ကွက်နေ ထော်လာဂျီယာဉ်မောင်း ဖိုးသား(ခ)လှိုင်မင်းဝေ (၂၂)နှစ်အား ကျွန်းလှမြို့မရဲစခန်းက မီးရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မူဆယ်မြို့နယ် တိန်းလုံကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**မူဆယ် မတ် ၂၃**

မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာအုပ်စု တိန်းလုံကျေးရွာတွင် မတ် ၂၂ ရက် ညနေ ၅ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က အဆိုပါကျေးရွာနေ ဒေါ်နန်းသိန်းဟန်သည် လျှပ်စစ်မီးဖြင့် ရေနွေးအိုးတည်ရာမှ ဝါယာရှော့ခ်ဖြစ်ပြီး မီးဖိုချောင်မှ စတင်၍ လောင်ကျွမ်းခဲ့ပြီး ဂိုဒေါင်သို့ မီးကူးဆက်လောင်ကျွမ်းခဲ့ကာ အနီးရှိတစ်ထပ်နံကပ်တိုက်သို့ ဆက်လက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကိုကိုကြီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တိန်းလုံကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနီးရှိ ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

လျှပ်စစ်မီး ပေါ့ဆစွာအသုံးပြုသူ ဒေါ်နန်းသိန်းဟန် (၃၄)နှစ်အား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**



# ဘောလုံးပွဲလောင်းကစားနှင့် ဖဲလောင်းကစားပြုလုပ်သူများအား အရေးယူ

**နေပြည်တော် မတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စိန်ကုန်းရပ်နေ စောထွန်းဦး(၄၄) နှစ်၏ နေအိမ်တွင် မတ် ၂၁ ရက် ညနေ ၃ နာရီခန့်က လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ စောထွန်းဦးအား နေအိမ်၌ တွေ့ရှိပြီး ၎င်းထံမှ ဘောလုံးပွဲလောင်းကစားရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၄၀၀၀၀ တို့ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး မြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ယင်းနေ့ ညနေ ၆ နာရီခန့်က မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ ကွမ်းယာဆိုင်တွင် ဖဲလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မုံရွာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ ကွမ်းယာဆိုင်ဘေးကပ်လျက်ရှိ ရွက်ဖျင်တဲအတွင်း၌ ဖဲလောင်းကစားနေသော မမော်(၄၄)နှစ်၊ တစ်ရပ်ကွက်တည်းနေ ဦးတင်ငွေ(၆၅)နှစ်၊ ဦးကုလား(ခ)ဦးမြင့်စိန်(၇၁)နှစ်၊ မျိုးခိုင်(၃၄) နှစ်နှင့် အင်းရွာသစ်ရပ်နေ ဦးကျော်ဆန်းဦး(၅၁)နှစ်တို့အား ဖဲလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၉၀၈၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ငါးဦးအား မုံရွာမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

နှစ်သစ်ကူးအတာသကြၤန်အလှူးအပန်းဖြေနှင့်ဘုရားဖူးခရီးစဉ်များ . 09 250200212, 09 5095586
ပေလီကမ်းခြေနှင့် သံတွဲ ဘုရားဖူးခရီးစဉ် (၄ ရက်) April (10/12/14)
3.5 Star အဆင့်ရှိ Hotel at the Rock တွင် တည်းခိုကာ ဟိုတယ်တွင်
ကယားတို့၏ ဌာနေ ငွေတောင်ပြည်သို့ ခရီးစဉ် (၅ ရက်) April (9)
သဃင်ပန်းနိုင် တစ်မြိုင်မြိုင် ရခိုင်ပြည်ဘုရားဖူး ခရီးစဉ် (၆ ရက်) April (11)
ရခိုင်မြောက်ဦး နှင့် ငပလီကမ်းခြေ ခရီးစဉ် (၇ ရက်) April (12)
3.5 Star အဆင့်ရှိ Merciel Retreat & Resort တွင် တည်းခိုပြီး ဟိုတယ်တွင် ပင်လယ်စာနှင့် မြိန်ရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးပါမည်။
မြိတ်ကျွန်းစု ၊ ထိုင်းနိုင်ငံ ပရာကျွတ် နှင့် ဟွာဟင်း ကမ်းခြေ ခရီးစဉ် (၇ ရက်) April (11)
PAN THU KHA Travels & Tours Co., Ltd.
UMTA
3 Star Hotel
Aircon Express
Restaurant
ခရီးသွားအာမခံ
အမှတ်တရလက်ဆောင်
Visit our Facebook Page - " Pan Thu Kha Myanmar "
အစမ်းအရေးအတွက် နှင့် စုံနေရာ အကန့်အသတ်ရှိပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်

ဆရာအာသာ SUCCESS Language Academy
လုပ်ငန်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

| | | |
|---|---|---|
| **BASIC ENGLISH SPEAKING** | | |
| 1 - 2:30 | (Mon ~ Thurs) | 21 Mar |
| 7:30 - 9 | (Mon ~ Thurs) | 28 Mar |
| 9 - 12:00 | (Sat + Sun) | 23 Apr |
| 3:30 - 5 | (Mon ~ Thurs) | 25 Apr |
| 6 - 7:30 | (Mon ~ Thurs) | 25 Apr |
| **BASIC FOUR SKILLS ENGLISH** | | |
| 10-11:30 | (Mon ~ Thurs) | 21 Mar |
| 1 - 2:30 | (Mon ~ Thurs) | 28 Mar |
| 1 - 4:00 | (Sat + Sun) | 3 Apr |
| 1 - 2:30 | (Mon ~ Thurs) | 4,25 Apr |
| 9:00-12:00 | (Sat + Sun) | 23 Apr |
| 7:30 - 9 | (Mon ~ Thurs) | 25 Apr |
| 10-11:30 | (Mon ~ Thurs) | 25 Apr |
| **PRE-INTERMEDIATE** | | |
| 10-11:30 | (Mon ~ Thurs) | 21 Mar |
| 1 - 2:30 | (Mon ~ Thurs) | 28 Mar |
| 3:30 - 5 | (Mon ~ Thurs) | 4 Apr |
| 1 - 2:30 | (Mon ~ Thurs) | 25 Apr |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 1 - 4:00 | (Sat + Sun) | 3 Apr |
| 3:30-5:30 | (Mon ~ Thurs) | 25 Apr |
| **VOCAB ENRICHMENT** | | |
| 1 - 2:30 | (Mon ~ Thurs) | 28 Mar |
| 9 - 12:00 | (Sat + Sun) | 23 Apr |
| **BASIC GRAMMAR** | | |
| 3:30 - 5 | (Mon ~ Thurs) | 9 May |
| **BASIC WRITING** | | |
| 10-11:30 | (Mon ~ Thurs) | 25 Apr |
| **BASIC ENGLISH SPEAKING** | | |
| 7:30-10:30 | (Sat + Sun) | 26 Mar |
| 7:30 - 9 | (Mon ~ Thurs) | 25 Apr |
| **PRE-INTERMEDIATE** | | |
| 4:30-7:30 | (Sat + Sun) | 19 Mar |
| 7:30 - 9 | (Mon ~ Thurs) | 28 Mar |
| 6 - 7:30 | (Mon ~ Thurs) | 28 Mar |
| 7:30-10:30 | (Sat + Sun) | 23 Apr |
| **BASIC GRAMMAR** | | |
| 7:30-10:30 | (Sat + Sun) | 19 Mar |
| **BASIC FOUR SKILLS ENGLISH** | | |
| 1:30-4:30 | (Sat + Sun) | 19 Mar |
| 7:30-10:30 | (Sat + Sun) | 20 Mar |
| 3:30 - 5 | (Mon ~ Thurs) | 28 Mar |
| 10-11:30 | (Mon ~ Thurs) | 4 Apr |
| 1 - 2:30 | (Mon ~ Thurs) | 4,25 Apr |
| 12:30-3:30 | (Sat + Sun) | 23 Apr |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 4:30-7:30 | (Sat + Sun) | 19 Mar |
| **IELTS (Preparation)** | | |
| 1 - 4:30 | (Sat + Sun) | 19 Mar |
| 1 - 3:30 | (Mon ~ Thurs) | 28 Mar |
| **IELTS (Writing)** | | |
| 7:30-10:30 | (Sat + Sun) | 26 Mar |
| **IELTS (Speaking)** | | |
| 7:30 - 9 | (Mon ~ Thurs) | 25 Apr |
| **IELTS (Reading)** | | |
| 1 - 3:00 | (Mon ~ Thurs) | 25 Apr |
| **IELTS (Grammar)** | | |
| 10-11:30 | (Mon ~ Thurs) | 25 Apr |

## ပျောက်ဆုံးခြင်း

LIN SHWE PYI CO.,LTD ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်-၁၇၄၇/၂၀၁၃-၂၀၁၄၊ ရက်စွဲ ၁၀-၇-၂၀၁၃ ကတ်ပြားမူရင်းမှာ ၁၇-၃-၂၀၁၆ ရက် နံနက် ၁၀ နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။
Ph:203023

**Probox Taxi**
ငှားရန်အလိုရှိသည်
(1.3)(3I တစ်လက်ကိုင်) (အိမ်ပေး)
စပေါ် (၃၀၀၀၀၀/-) လစာညှိနှိုင်းဈေး
ဖုန်း-၀၉-၂၅၀၆၅၀၁၀၂

## သွေးသည်အသက်

GOLDEN STAR Travels & Tours
ပုဂံ(နွယ်တော်လေးဆူ)–ပုပ္ပါး–ပဒုတ္တ Apr-11,12,17
ရွှေစက်တော်–ပုဂံ(နွယ်တော်လေးဆူ)–ပုပ္ပါး Apr-12
မန္တလေး–ပြင်ဦးလွင်–အလောင်းတော်ကဿပ Apr-11
တောင်ကြီး–အင်းလေး–ပင်းတယ–ကက္ကူ Apr-9,11,12,17
ပုဂံ–ပုပ္ပါး–တောင်ကြီး–အင်းလေး–ပင်းတယ Apr-11,12
တောင်ကြီး–အင်းလေး–ပင်းတယ–လွိုင်ကော် Apr-12
ငွေဆောင်(Hotel + Car) Apr-11,12,13,14
Ph;09-5081580, 09-5036640, 09-5080860, 703448

## ကြော်ငြာစာ

### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
### ၂၀၁၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၀
### ကွယ်လွန်သူ ဦးစောမဏ္ဍာသီကျော်၏
### ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရွှေနုလမ်း(ဒေးဗစ်ရွှေနုလမ်း)၊ ကွယ်လွန်သူ ဦးစောမဏ္ဍာသီကျော်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးစောဘရိန်းနီ[၁၂/မရက(နိုင်)၀၄၂၈၂၅]၊ အမှတ်(၄၃)(ယခင်အမှတ်-၂၃)၊ ဦးရွှေနုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၆ခုနှစ်၊ ဧပြီလ၂၆ရက် (၁၃၇၈ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစောမဏ္ဍာသီကျော်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၆ခုနှစ်၊ ဧပြီလ ၂၆ရက် (၁၃၇၈ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးစောဘရိန်းနီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၆ခုနှစ်၊ မတ်လ ၁၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်မာလာ)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# ရေဖြန့်း၊ ငွေဖြန့်းကြဦးမှာလား . . .

ဆုးငှက်



အကြိုနေ့ပွဲတော်ကာလ ကျုံးနှုတ်ခမ်းအပေါ် တည်ဆောက်ထားသည့် ရေကစားမဏ္ဍပ်ကို တွေ့ရစဉ်။

ဒီနှစ်က အယ်နီညိုအဆိုးဆုံးဖြစ်မယ့်နှစ်တဲ့။ အမြင့်ဆုံးအပူဒဏ်ကိုခံကြရမတဲ့။ မိုးခေါင်မတဲ့။ ရေကန်တွေ မြေအောက်ရေတွေ ခန်းခြောက်မတဲ့။ အထူးသဖြင့် သောက်သုံးပြတ်လပ်မှုတွေ ကြုံတွေ့ရနိုင်တယ်လို့ ပညာရှင်တွေက ခန့်မှန်းကြတယ်။ မြန်မာပြည်အလယ်ပိုင်းက မိုးနည်းရေရှားရပ်ဝန်းဒေသတွေမှာ ဒီအန္တရာယ်ကို ပိုပြီးသတိထားကြရမှာပေါ့။ ဒီဘေးဒုက္ခအတွက် ပိုမိုပြီး ကြိုတင်ပြင်ဆင်ကြရမှာပေါ့။ မန္တလေးလို အပူပိုင်းဒေသမှာတည်ရှိတဲ့ မြို့ကြီးအဖို့လည်း “ရေ”ရဲ့ အခန်းကဏ္ဍက အလွန်အရေးပါခဲ့ပါတယ်။ နှစ်စဉ်တိုးတက်လာတဲ့ လူဦးရေအတွက် လူတန်းစေ့နေထိုင်ရေးမှာ မရှိမဖြစ်လိုအပ်တဲ့ သန့်ရှင်းသော သောက်ရေသုံးရေ လုံလောက်စွာဖူလုံရရှိရေးဟာ နေ့စဉ်နှင့်အမျှ စဉ်းစားကြံဆောင်ရွက်နေရမယ့်ကိစ္စလည်းဖြစ်ပါတယ်။ ဒါဟာ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနရဲ့ အရေးကြီးအရေးပါတဲ့ လုပ်ငန်းတာဝန်ဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် မြို့နေလူဦးရေ ရှစ်သိန်းကျော်အတွက် တစ်နေ့ရေလိုအပ်ချက် ဂါလန် ၂၅ သန်းအထက် ရရှိရေးကို ဦးတည်ပြီး၊ အဲဒီအခြေခံကတစ်ဆင့် နှစ်စဉ်တိုးပွားလာမယ့် လူဦးရေ၊ ရေရှည်တိုးပွားလာနိုင်သောလူဦးရေ စသည့်တို့ကို ချိန်ဆပြီး မြို့ရေ ပေးရေးစီမံကိန်းတွေကို၊ နှစ်စဉ်တိုးချဲ့ အကောင်အထည်ဖော်ကြရတာပါပဲ။

မန္တလေးရဲ့ ကနဦးအစ မြို့ရေပေးရေးဟာ ရပ်ကွက်တွေထဲအထိ ဖြန့်ဝေပေးနိုင်တဲ့ ကျုံးရေပေးရေးစနစ်ပါပဲ။ မြို့တည်နန်းတည် သတ္တဌာနမှာ အပါအဝင်ဖြစ်ခဲ့တဲ့ မြို့တွင်းကျုံးတော်ကြီးကနေ ပိုက်လိုင်းအဆင့်ဆင့်နဲ့ အိမ်တိုင်ရာရောက် ရေပေးဝေရေးကစခဲ့တာပါ။ နောက်ပိုင်းလူဦးရေတိုးတက်များပြားလာတော့ ကျုံးရေနဲ့တင်မလုံလောက်တော့လို့၊ စီမံကိန်းရေလို့ခေါ်တဲ့ အဝီစိတွင်းကြီးများကရေကို အထပ်ထပ်သန့်စင်ပြီး ရေမီတာစနစ်နဲ့ အဆင်ပြေအောင် ဖြန့်ဝေနိုင်ခဲ့ပါတယ်။ ရေမီတာဟာ စနစ်တကျသန့်စင်ခဲ့လို့ ကနဦးအစပိုင်းမှာဖြင့် သောက်ရေအဖြစ်ပင် စိတ်ချယုံကြည်စွာသုံးစွဲနိုင်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာလည်း နှစ်စဉ်နှင့်အမျှ စီမံကိန်းရေတွင်းများ အသစ်တူးဖော်ခြင်း၊ ရေစစ်ရေတွန်းစက်ရုံများ တည်ဆောက်ကာ ရေဖြန့်ဝေခြင်းများ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒီလိုတိုးတက်များပြားလာတဲ့လူဦးရေနဲ့ လိုက်ဖက်ညီစွာ သန့်ရှင်းသော သောက်ရေသုံးရေများ ဖြန့်ဝေခြင်းနဲ့အတူ မူလကျုံးရေပေးဝေခြင်း အစီအစဉ်ထဲက ကျုံးရေကန် ၂၉၂ ကန်ကနေ တစ်နေ့ကို ကျုံးရေဂါလန်နှစ်သန်းလည်း ဖြန့်ဝေပေးနေဆဲ ဖြစ်တယ်လို့ သိရပါတယ်။

တစ်ဖက်က မြို့နေလူထုအတွက် သန့်ရှင်းသော သောက်ရေသုံးရေဖူလုံစေရေးကို နည်းလမ်းပေါင်းစုံကြံစည်ပြီး နှစ်စဉ်ဆောင်ရွက်နေသလို. . .၊ နှစ်စဉ်ဆင်နွှဲနေကြ သင်္ကြန်ပွဲတော်ရောက်ရင် ကျုံးနှုတ်ခမ်းပေါ် ရေကစားမဏ္ဍာပ်ကြီးတွေ လေးဘက်လေးတန်ဆောက်စေပြီး၊ အတိုင်းအဆမရှိ ရေပက်ကစားကြတဲ့ အစီအမံတွေကိုလည်း ခွင့်ပြုနေလေပြန်တော့ “အိတ်ပေါက်နဲ့ ဖားကောက်” ဆိုတဲ့ စကားပုံလိုဖြစ်နေပြန်ပါတယ်။ မြို့တော်ရေပေးဝေရေးဟာ ဘယ်လိုပဲ အဆင်ပြေအောင် ဆောင်ရွက်နေပါတယ်ဆိုစေကာမူ နှစ်စဉ်တိုးတက်လာတဲ့ လူဦးရေ၊ အဆောက်အအုံနဲ့လျော်ညီစွာ ရှေ့ကကြိုပြီး စနစ်တကျစီစဉ်ဆောင်ရွက်နိုင်မှုတော့ အားနည်းနေသေးတာ သေချာပါတယ်။ ဒီကြားထဲ လျှပ်စစ်မီးလာမှ ရေရရှိမှာမို့ ဒီအခက်အခဲကိုလည်း နေ့စဉ်နှင့်အမျှကျော်ဖြတ်နေရတာပဲ မဟုတ်ပါလား။ ကိုင်းထားပါတော့။ နှစ်စဉ်နှစ်တိုင်း ကျုံးတော်ကြီးကို ကျောပေး၊ ခြေကန်ကာ အကန့်အသတ်အတိုင်းအဆမဲ့ ရေတွေဖြုန်းတီးမှုဟာ သင်္ကြန်တွင်း ပျမ်းမျှကျုံးရေဂါလန် သန်း ၄၀ ကျော်အနည်းဆုံး ကုန်ပါသတဲ့။ ဒီအရေအတွက်ဟာ မန္တလေးမြို့လူထု ၁၀ သိန်းဝန်းကျင်အတွက် တစ်နေ့တာရေ လိုအပ်မှုပမာဏပါပဲ။ မနက်လင်းတာနဲ့ ရေအတွက် ဒုက္ခများသောကရောက်ကြတဲ့ အိမ်ထောင်စု ၇၀၀၀၊ လူဦးရေ ၅၀၀၀၀ ဝန်းကျင်အတွက် တစ်လစာ နီးပါးလုံလောက်စွာ သုံးစွဲနိုင်တဲ့ ရေပမာဏပါပဲ။

မန္တလေးကျုံးမြို့ရိုးရဲ့ အရှေ့ဘက်၊ ၈ ပြ၊ ၉ ပြ သာသာဝေးတဲ့ ရပ်ကွက်တွေမှာပင် အခုလိုနွေဦးပေါက်လာပြီဆိုရင် မနက်လင်းတာနဲ့ စက်ဘီးကိုယ်စီ၊ ဆိုင်ကယ်ကိုယ်စီနဲ့ ရေနီမြောင်းဆီ အပြေးအလွှားရောက်လာကြတယ်။ လျှော်ဖွတ်စရာ အဝတ်ထုပ်တွေရော. .။ ကလေးတွေရောပေါ့။ တချို့က အပြန်မှာသယ်ဖို့ ရေပုံးတွေလည်းပါတယ်။ တော်တော်နေပူတဲ့ နေ့တွေဆိုရင် မိသားစုလိုက်ကားနဲ့လာကြတာတွေတောင်ရှိရဲ့. .။ အပန်းဖြေ အနားယူဖို့ မဟုတ်ပါဘူး။ မန္တလေးဆင်ခြေဖုံးရပ်ကွက်တွေ အတော်များများမှာ သောက်ရေ၊ သုံးရေမလောက်လို့ ရေနီမြောင်းဆီ တကူးတက လာရောက်ပြီး ရေချိုးကြ၊ အဝတ်ဖွတ်ကြ၊ ရေသယ်ကြတဲ့ မရိုးနိုင်သော မြင်ကွင်းတွေပါပဲ။

ရေနီမြောင်းဆိုတာကလည်း ပါတော်မူပြီးနောက် ၁၉၀၂ခု၊ ၁၉၀၃ခုနှစ် ဝန်းကျင်ရောက်တော့ ဆည်တော်ကြီးကနေ မန္တလေးတူးမြောင်းကြီးဖောက်. .၊ အဲဒီတူးမြောင်းကြီးကတစ်ဆင့် မန္တလေးအရှေ့ခြမ်းက လယ်ကွင်းတွေဆီ ရေပေးဝေတဲ့ မြောင်းပါပဲ။ အရှေ့ရိုးမအစပ်မှာရှိတဲ့ ဆည်တော်ကြီးရေက မိုးတွင်းဆိုရင်နီကျင်ကျင်မို့ ရေနီမြောင်းလို့ အလွယ်တကူခေါ်ဝေါ်သုံးစွဲခဲ့ကြရာက တွင်သွားတဲ့ နာမည်ပါပဲ။ ရေနီမြောင်းဟာ ၁၉၈၀ ကျော်ဝန်းကျင်အထိ ရေကောင်းရေရှင် တသွင်သွင်နဲ့ လယ်တွေကို ရေပေးတဲ့မြောင်းအသွင်က မပျောက်ခဲ့ပါဘူး။ ဒီနောက်ပိုင်း မြို့ကွက်သစ်တွေ၊ အိမ်ခြံမြေဝင်းအသစ်တွေ ဖော်ထုတ်လိုက်တဲ့နောက်၊ လယ်ကွင်းတွေ ပျောက်ကုန်ပြီး၊ ရေနီမြောင်းက ရပ်ကွက်ထဲဖြတ်သန်းစီးဆင်းတဲ့ မြောင်းဖြစ်သွားပါတယ်။ မန္တလေးကျုံးကြီးထဲကို အဲဒီရေနီမြောင်းကပဲ ရေသွင်းနေတာမို့ နန်းရှေ့(၂၂)လမ်း၊ ပွဲ့တစ်လုံးရေတံခါးအထိလောက်တော့ ရေပြည့်ရေစီးနေဆဲပါပဲ။ (၂၂)လမ်းက တောင်ဘက် တစ်လျှောက်လုံးကတော့ ရေလည်းမစီး၊ ရေလည်းမရှိတော့ဘဲ၊ အမှိုက်ပစ်ရာ ရေဆိုးမြောင်းကြီးအသွင်ပြောင်းသွားတာကို လျစ်လျူရှုထားတာလည်း အလွန်ဝမ်းနည်း စရာပါပဲ။ တစ်ချိန်က မန္တလေးတက္ကသိုလ်ရဲ့ အမှတ်အသား၊ အထင်ကရပမာဖြစ်ပြီး နေခြည်အစောင်း၊ ရွှေရည်လောင်းတော့၊ မေမဒီအပေါင်းက လမ်းလျှောက်လာ၊ ရေနီမြောင်းက လွမ်းလောက်စရာ. . .လို့ ဂုဏ်ယူခဲ့တဲ့ ဆရာတင်မိုးရဲ့ ကဗျာလည်း၊ ဒီကနေ့ လူငယ်တွေအမြင်မှာ နားမလည်နိုင်စရာ ဖြစ်ကြရပြီပေါ့။ ကဲ. . ထားပါတော့။ အဲဒီအမှိုက်ဗရပျစ်နဲ့ ရေနီမြောင်းထဲက လက်ကျန်မြောင်းရေကိုပဲ နွေခါရောက်ရင် အလုအယက် သွားရောက်သုံးစွဲနေကြရတာပါ။

အဲဒီရေနီမြောင်းရဲ့ အရှေ့ဘက် ၂ပြ ၃ပြအကွာက ကွက်သစ်လေးမှာရော ကြည့်ပါဦး။ အရင်. . . လယ်ကွင်းကန်သင်းရိုးစပ်က ကျန်ရစ်ခဲ့တဲ့ ၁ ကိုက်သာသာ အကျယ်ရှိတဲ့ ရေမြောင်းလေးထဲ မိုးတွင်းလက်ကျန်ရေတွေကို စုဆောင်းထားပြီး မနက်မိုးလင်းတာနဲ့ ဒီရေ မြောင်းလေးထဲမှာပဲ အမဲဝမ်းတွင်း(အမဲပုဆိုးကြမ်း)ဟင်း ချက်ရောင်းတဲ့ ဈေးသည်က၊ အမဲဝမ်းတွင်းက ထွက်ခါစ ပူပူနွေးနွေး ကလီစာတွေကို တောင်းထဲထည့်ပြီး မြောင်းရေနဲ့ အကျိအချွဲအညစ်အကြေးတွေဆေးချနေတယ်။ အဲဒီနေရာက အောက်ဖက်မှာ မြောင်းရေနဲ့သွားတိုက်၊ မျက်နှာသစ်၊ ချွဲဟပ်နေတယ်။ အောက်မှာက ဒီမြောင်းရေနဲ့ မနက်စာအတွက် ထမင်းအိုးတည်ဖို့ ဆန်ဆေးနေတယ်။ အဲဒီနောက်မှာက အဝတ်လျှော်ဇလုံကြီးနဲ့ ခြင်ထောင်တွေ၊ တဘက်တွေလျှော်ဖို့ ဒီရေနဲ့ပဲ ရေစိမ်နေတယ်။ အဝတ်တွေစိမ်ရင်း အိမ်ရှင်မက ဒီရေနဲ့ပဲ ခေါင်းလျှော်နေတယ်။ တချို့အိမ်က ဒီရေတွေကို စဥ့်အိုးထဲထည့် အနည်ထိုင်စေပြီးမှ သောက်ရေအိုးထဲ ပြောင်းထည့်ကြတယ်။ မန္တလေးလို မြို့ကြီးမှာ ဒီလိုမြင်ကွင်းမျိုးရှိပါရဲ့လားလို့ သံသယမဖြစ်ပါနဲ့။ ကျွန်တော်ကိုယ်တိုင် အဲဒီလို အခြေအနေမျိုးမှာ သုံးနှစ်လေးနှစ်နေခဲ့ပြီးမှ ကြုံတွေ့ခဲ့ရတဲ့ ကိုယ်တွေ့တွေပါ။ ဒီကနေ့ထိရှိနေဆဲပါပဲ။ မန္တလေးမှာ ဘယ်လိုပဲ ရေစီမံကိန်းတွေရှိပါစေ၊ ကိုယ်ပိုင်အဝီစိတွင်းနဲ့ ရေပြဿနာ ဖြေရှင်းနေရသူချည်းပါပဲ။

ဒီလို နေကြထိုင်ကြရတဲ့ အခြေအနေမျိုးမှာ. . လာမယ့်သင်္ကြန်ရောက်ရင်လည်း၊ “၄၈”ရပ်သော ပြာသာဒ်ဆောင်တွေနဲ့ ရှေးဟောင်းအမွေအနှစ် နန်းမြို့တော်ကြီး၊ ကျုံးမြို့ရိုးကြီးတွေကို၊ လူမထင်စွာ ကျောပေး၊ ကုန်ပစ္စည်းလောက်မှ အလေးမထား. . .။ ကြော်ငြာစာလား၊ ကုန်ပစ္စည်းဓာတ်ပုံ၊ ဗီနိုင်းရောင်စုံကြီးတွေ ကာရံပြီး၊ ဧရာမစင်ကြီးတွေထိုးကာ. . . လက်ဝါးသာသာ ဘောင်းဘီတိုနဲ့၊ ဘော်လီမပါတဲ့ တီရှပ်ဝတ်ပြီး၊ မူးယစ်ဆေးတန်ခိုးနဲ့ အသိလွတ်၊ သတိလွတ်နေကြသူလေးတွေ။ လက်ထဲကရေပိုက်က ရေဒလဟောထွက်စေဖို့ ကျုံးထဲက ရေကောင်းရေသန့်တွေ ဖောဖောသီသီဖြုန်းကြပါတော့မယ်။ ဒီအတွက် မြို့လူထုစိတ်ချမ်းသာရေး အဓိကဆိုတဲ့ မြို့တော်စည်ပင်သာယာရေးအဖွဲ့ကြီးက ကျုံးရေဂါလန် သန်း ၄၀ မှ သန်း ၆၀ ကျော် “ဖန်းတီးဖို့စီစဉ်ထားတာ နှစ်စဉ်ပါပဲ။(ဒီနှစ်သင်္ကြန်က ၁ရက်တိုးပြီး ၅ ရက်ဖြစ်တာမို့ သုံးစွဲမယ့် ရေဂါလန်က အရင်နှစ်ထက် သေချာပေါက်တိုးဦးမယ်)

အဲဒီဂါလန်သန်း ၄၀ သော ရေတွေက လမ်းတွေပေါ်ကတစ်ဆင့် အညစ်အကြေးတွေ ပေါင်းစုံသယ်ပြီး ဘေးနားရပ်ကွက်တွေထဲသာမက ကျုံးထဲကိုပဲ ပြန်ပြီးစီးဆင်းရဦးမှာပါ။ ကျုံးကို ကျောပေးဆောက်ထားတဲ့ မဏ္ဍာပ်တွေပေါ်က သောင်းချီအရေအတွက်ရှိတဲ့ သင်္ကြန်ပျော်လူသားတွေရဲ့ “အလေး၊ အပေါ့” ဆိုတဲ့ အညစ်အကြေးတွေကရော. . .၊ မိသားဖသားပီပီ ဘယ်သူကများ စနစ်တကျ စွန့်ပစ်ကြပါမလဲ။ မူးယစ်ပျော်ပါး အသိလွတ်နေသူတိုင်းက ဒလဟောပက်ဖျန်းနေတဲ့ ရေတွေနဲ့အတူ စွန့်ပစ်ကြမှာပဲ။ ကျုံးရေထဲ တဝက်နင်းနေတဲ့ မဏ္ဍာပ်ပေါ်ကနေ လွယ်လွယ်ကူကူ ကျုံးထဲပဲ ပြန်စွန့်ပစ်ကြမှာပါပဲ။

သင်္ကြန်ဆိုတာ အကြောင်းပြပြီး အခုလို ရေဂါလန် သန်း ၄၀ ကျော်ဖြုန်းတီး. . .။ အမျိုးသားအမွေအနှစ် ကျုံးမြို့ရိုးပြာသာဒ်တွေ ဥပက္ခာပြု. . .၊ အများပြည်သူသုံး ကျုံးရေထဲ အညစ်အကြေးပေါင်းစုံ စီးဝင်စေတဲ့. . .၊ မန္တလေးသင်္ကြန်ရဲ့ အစီအမံတွေကို မပြုပြင်ကြတော့ဘူးလား။

အခု. . . မန္တလေးသင်္ကြန်ဆိုတာ. . .၊

တစ်မျိုးသားလုံး. . .၊ နိုင်ငံတကာက မြန်မာချစ်သူများ အားလုံးတညီတညွတ်တည်း တန်ဖိုးထားဂုဏ်ယူကြည့်ရှုခံစား၊ အံ့သြခဲ့ကြတဲ့ရှားရှားပါးပါးရှေးဟောင်း အမွေအနှစ် ကျုံး၊ မြို့ရိုး၊ ပြအိုး၊ ပြာသာဒ် အဆောင်ဆောင်တွေကိုခေတ်ပေါ်ပစ္စည်းကြော်ငြာဗီနိုင်းပလတ်စတစ်စကြီးများနဲ့ ကာရံပစ်လိုက်တဲ့ သင်္ကြန်ဖြစ်သွားပါပြီ။ တစ်မျိုးသားလုံး. . .၊ နိုင်ငံတကာက မြန်မာချစ်သူများ အားလုံး တညီတညွတ်တည်း တန်ဖိုးထားဂုဏ်ယူ၊ ကြည့်ရှုခံစား အံ့သြခဲ့ကြရုံမကအမျိုးသား လက္ခဏာလို့ အသိအမှတ် ပြုခဲ့ကြတဲ့ သင်္ကြန်ရဲ့ ဂီတ. . .၊ သင်္ကြန်ရဲ့ အလှ. . .၊ သင်္ကြန်ရဲ့ အက၊ သင်္ကြန်ရဲ့ ယဉ်ကျေးမှု၊ သင်္ကြန်ရဲ့ အနုပညာ. . .၊ ထိုထိုအရာများစုစည်းရာဖြစ်တဲ့ သင်္ကြန်ရဲ့ ညတွေ လုံးဝ(လုံးဝ)ပျောက်သွားပြီး အဖိုးတန်ကျုံး၊ မြို့ရိုးပြာသာဒ်တွေကိုမိုက်မဲစွာ ကျောပေးဆောက်ထားတဲ့ ရေပက်မဏ္ဍာပ်ဧရာမကြီးတွေရဲ့ မောင်နဲ့နှမ သားအမိ ကြည့်ရှုခံစားလို့မှ မသင့်တော်တဲ့ ရေပက်နှိပ်စက်၊ အော်ဟစ်ဆူညံ၊ ကာမရာဂနှိုးဆွ ဝတ်စားဆင်ယင်မှုနှင့် ကခုန်၊ ဆေးဝါးအရက် ဖောချင်းသောချင်းနဲ့ မူးယစ် ရမ်းကား၊ အရွယ်မရောက်၊ အရွယ်ရောက်လူငယ်ဖိုမများရဲ့ ကာမရာဂပေါက်ကွဲမှုတွေ၊ လူ့မြင်ကွင်းမှာ လူ့တော်သလင်းဇာတ်တွေ ခင်းကျင်း. . .။ နှုတ်မှ ယဉ်ကျေးမှု၊ ယဉ်ကျေးမှု တွင်တွင်အော်၊ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးတွင်တွင် ကြွေးကြော်၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး. . . ဆိုတဲ့ စာသားများကို ကြက်တူရွေး၊ သာလိကာတွေလို မျက်စိမှိတ်၊ တွင်တွင်ရွတ်ဆိုကြလေကုန်သော “လူကြီးမင်း” တို့ကကော်ဇောခင်း၊ သံဆူးကြိုးကာ. . .၊ ဆိုဖာဆက်တီခုံမှာ အပူအအေး၊ အချိုအဆိမ့်၊ စားစရာမြည်းစရာအစုံအလင်၊ ဆွေမျိုးမိတ်သင်္ဂဟအစုံအလင်နဲ့ လက်ခုပ်လက်ဝါးတီး. . . အားပေးချီးမြှင့်၊ ဂုဏ်ပြုချီးကျူး၊ ထောပနာပြု၊ ရွှေပေလွှာမှာ မှတ်တမ်းတင်၊ ရွှေတိုက်သွင်းအသိအမှတ်ပြုကြလေကုန်သော. . . ရှုံ့စရာ၊ မုန်းစရာ၊ အော့နှလုံးနာစရာ. . . သင်္ကြန်ကြီးသာ တည်တံ့ခိုင်မာသွားတာ ဆယ်စုနှစ် ၃ စုကြာပေါ့. .။

မကြာခင် သင်္ကြန်ကျတော့မယ်။

တစ်မျိုးသားလုံး၊ တစ်ကမ္ဘာလုံးကတန်ဖိုးထားတဲ့ မန္တလေးမြို့တော်ကြီးက လာမယ့်သင်္ကြန်မှာ. . . ကျုံးဘေးမှာ ကျုံးကိုဖင်ပေး၊ ဗီနိုင်းတွေနဲ့ကာရံကြမယ့် မဏ္ဍာပ်ကြီးတွေ နှစ်တိုင်းလိုဘဲ စတင်ဆောက်လုပ်နေကြပြီ. . .။ရေပက်မဏ္ဍာပ်ကြီးတွေမှာ အော်ကြ ဟစ်ကြ. . .၊ ကဲကြတဲ့ကြ. . .၊ ပြကြဖြဲကြ. . . ဖို့ ရှေ့ဆောင်ရှေ့ရွက်ပြုမယ့် မြို့တော်ဝန်မဏ္ဍာပ်ကြီးက အရင်နှစ်တွေလို ငွေကျပ်သိန်းပေါင်းများစွာသုံးဖို့ဖြုန်းဖို့ စီစဉ်ကြပြီ. .။

ရေတွေနဲ့ပက်၊ နှိပ်စက်ကြဖို့. . . ကျုံးထဲက ရေဂါလံသန်း ၄၀၊ သန်း ၅၀၊ သန်း ၆၀ မက အလဟဿဖြုန်းတီးကြဦးမှာလား . . .။ ။



အကြိုနေ့အပြီး ညစ်ညမ်းသွားသော ကျုံးကို တွေ့ရစဉ်။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ မတ်လ(၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄–၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူလုပ်ငန်းရှင်(၁၀၀၀)ဦးအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ ဝင်ငွေခွန်အများဆုံး(၄)နှစ်ဆက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ အများဆုံးသယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြု ဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

---

## ကျေးဇူးဆပ်ပါမည်

| | |
|---|---|
| UE 1 ၁၅၂-၁၄၆ | မြေချပါမစ်၂စောင် |
| ၁၅၇ရပ်ကွက်-၁၆၅/၁၂၂၅ | မြေချပါမစ်၂စောင် |
| UE 1 ၆၈၆ | မြေချပါမစ် ၁စောင် |
| ၁၄၀/ရပ်ကွက် ၄၃၃ | မြေချပါမစ် ၁စောင် |
| ၁၆၀ရပ်ကွက် ၁၀၄၉ | မြေချပါမစ်၁စောင် ပျောက်ဆုံးသွားပါသဖြင့် |

တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၉၄၃၇၀၊ ၀၉-၄၂၁၀၀၂၆၄၉**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၅၃၀)၊ ဒေါ်ကြည်ကြည်(ခ)ဒေါ်ကြည်ကြည်ချစ်(ဘ)ဦးဘိုးချစ် (AA-၀၂၃၂၅၇)မြေချပါမစ်မူရင်းအား ပြန်လည်အပ်နှံ၍ ဒေါ်ကြည်ကြည်ချစ်(ဘ)ဦးဘိုးချစ်[၁၂/ကမတ(နိုင်)၀၀၄၇၄၈]အမည်ပေါက် မြေငှားစာချုပ်မူရင်းနှင့် လဲလှယ်ထုတ်ယူခွင့်ပြုပါရန် အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်ဇင်[၉/ပမန(နိုင်)၀၁၄၆၃၆]မှ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ မြေချပါမစ်မူရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ ၊ ငွေကျေကြောင်းဘဏ်ထောက်ခံချက် စာရွက်စာတမ်းများတင်ပြ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်းလဲလှယ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

**100% သံချေးမတက်သည့် Stainless Steel ဘလိတ်စားသွားဆူးကြိုးများကို**
**စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ** ဈေးနှုန်းချိုသာစွာ
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ [illegible] မြို့နယ်။
Ph : 01-545531, 01-8603141, 09-5008161

အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်း (၉)မိုင် မရမ်းကုန်း။
Ph : 01-656521, 09-421024731, 09-421024741

အရောင်းခန်းမ(၃) - [illegible]
Ph:01-642748, 09-421024711, 09-421024811

---

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅၈နှင့်ဆက်သွယ်သည့်

၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၆

| | | |
|---|---|---|
| ဒေါ်စန်းမြင့်ရီ | နှင့် | ဒေါ်ခင်တိုးမြင့် |
| (တရားနိုင်) | | (တရားရှုံး) |

အထက်အမည်ပါသူ ဒေါ်ခင်တိုးမြင့် အမှတ်(၉)၊ အခန်း(D-6)၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅၈တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ်၊ မတ်လ ၃၁ရက် (၁၃၇၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ်၊ မတ်လ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်လေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**


LG
Life's Good
BIGGEST SALE
10th MARCH ~ 10th APRIL | 2016
HOME ENTERTAINMENT
ULTRA HD SMART 3D LED TV
84"
FREE GIFT
55EC930T
55" OLED Full HD Smart Curved 3D LED TV
4K SMART LED TV
70" | 79"
DVD Home Theater LHD-675
OLED FULL HD SMART CURVED 3D LED TV
55"
BH-5540T
Blu-ray Home Theater
4K SMART 3D LED TV / SMART LED TV
55"
24" LED TV 24MT47V
4K SMART 3D / Curved 3D LED TV
55" | 65"
BP440
Blu-ray Player
4K SMART LED TV
43" | 49" (UF680T)
43" | 49" (UF690T)
BP250
Blu-ray Player
LED TV
43" | 49"(LF540T)
43" | 49"(LF590T) Wi-Fi Smart
DP132H
DVD Player
LED TV
24" | 28" | 32"
Umbrella
BLU-RAY/DVD PLAYER & SPEAKER
Cap
AIR CONDITIONER
All Air Conditioner
LG Air Conditioner ဝယ်ယူသူများအတွက်
ကျပ်သိန်း၆၀၀ကျော် တန်ဖိုးရှိသော
ဝလာပေါ်
ခြံမိုးကာဝင်းမဲ
Floor Standing & Ceiling Cassette
5% Discount
SIDE BY SIDE
Side by Side (4 Doors)
680 Liter
FREE GIFT
1 Door Refrigerator
Side by Side
522 | 533 | 674 Liter
Premium Gift Set
Side by Side
630 | 679 Liter
Microwave
REFRIGERATOR
2 Doors
425 Liter
FREE GIFT
Vacuum Cleaner
2 Doors
205 | 225 | 272 | 335 Liter
Luminarc Drink Set
2 Doors
507 | 524 Liter
Lock & Lock Gift Set
1 Door
163 | 193 Liter
Safe Guard
MICROWAVE OVEN & VACUUM CLEANER
Cap
WASHING MACHINE
Front Load
(10.5 | 14 | 16 kg
7/4 | 17/9 | 14/8 kg
Wash & Dry)
Dryer
(10.5 kg)
Vacuum Cleaner
Front Load
(7 | 8 kg)
Top Load
(17 kg)
Lock & Lock Storage + Box
Towel
Top Load
(10 | 10.5 | 12 | 13 | 14 kg)
Towel
Semi
(7 | 10.5 kg)
Top Load
(7.5 | 8 kg)
Detergent
TMW Enterprise Limited
LG BRAND SHOP များနှင့် WAI YAN Electronics ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
LG Brand Shop (Sule):
LG Brand Shop (Kabar Aye):
LG Brand Shop (Pansodan):
LG Brand Shop (Mandalay):
LG Brand Shop (Nay Pyi Taw):
WAI YAN Electronics :
Pansodan
Kabar Aye
South Dagon
Bo Aung Kyaw
Insein
Mandalay
Nay Pyi Taw
Taunggyi
Bago
Lashio
Pyay

# MSEC
MYANMAR SECURITIES EXCHANGE CENTRE

# Stock Trading Start on 25th, March

- ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ များ၏အစုရှယ်ယာများရောင်းဝယ်လိုပါက MSEC သို့ကြွလှမ်းခဲ့ပါ။
- MSEC တွင် နံနက် (၉း၀၀)နာရီ မှ မွန်းလွဲ (၂း၀၀) နာရီ အချိန်အတွင်းသာ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသည်။
- ယခုလာမည့် မတ်လ ၂၅ ရက်နေ့တွင် FMI ၏ အစုရှယ်ယာ တစ်မျိုးတည်းသာ အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါသည်။
- လူကြီးမင်းတွင် MSEC ၏ Securities Account မရှိသေးပါက လူကြီးမင်းအနေဖြင့် MSEC တွင် Securities Account ဖွင့်ရန်လိုအပ်ပါသည်၊
- လူကြီးမင်းအနေဖြင့် အစုရှယ်ယာများရောင်းဝယ်လိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရပါမည် -
  - MSEC တွင် Securities Account ဖွင့်လှစ်ရန်လိုအပ်ပါသည်။
  - MSEC ၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် ကြိုတင်ငွေလွှဲပြောင်း၍ အမှာလွှာတင်သွင်းရပါမည်။




မြန်မာစီးပွားရေးဘဏ် တိုင်းရုံး (ပထမထပ်)၊
၂၁ - ၂၅၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
✆ ၀၁ - ၃၇၈၆၄၇

MSEC မှ လိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။



Home Since 1996

New Arrival Design for Kitchen Cabinet




သုံးစွဲသူစိတ်ကြိုက်ဒီဇိုင်းဖြင့်ဝယ်ယူနိုင်ခြင်း



ပစ္စည်းသီးသန့်ဝယ်ယူနိုင်ခြင်း






ပိုက်ဆံခြွေတာ / Fully Auto
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 420035882, 09 73199410
09 420035884, 09 73199257



ကလေးနာမည်ပေး
ဆရာကြီးရာဇာဖော်ဝင်း
(LL.B.)
01-394727, 01-399426 09-73009994



စိန်ရတနာ အမှတ် ၇၆၊ ၃၂လမ်း(အောက်)။ 09 510 2750

| | | |
|---|---|---|
| ဗီနိုင်း (1'x1') ၁၃၀ ကျပ် | အရုံ (၂၀၀) နှင့် အထက် A4 ကော်ပီ(၁)ရွက်မှာ ၆.၅ ကျပ် | အရုံ (၅၀၀) နှင့် အထက် A4 ကော်ပီ(၁)ရွက်မှာ ၆ ကျပ် |

ကျပ်(၁)သိန်းဘိုး အထက် အားပေးသူများအိမ်တိုင်ရာရောက်ပို့ပေးပါသည်။
ဗီနိုင်း လစဉ်အပ်လိုသော လုပ်ငန်း၊ Media နှင့် ကုမ္ပဏီအတွက် ၁ ပေပတ်လည် ၉၀ကျပ်၊ ၉၅ကျပ်၊ ၁၀၀ကျပ် ဖြင့်ဆောင်ရွက်ပေးနေပါသည်။



# YANGON LIFESTYLE FURNITURE FAIR 2016

13th

၂၀၁၆–မတ်လ(၂၄) ရက် မှ မတ်လ(၂၈) ရက်နေ့အထိ ( ၅ )ရက်တိုင်တိုင် ကျင်းပသွားပါမည်

# နှစ်သစ်ကူးအကြိုပရိဘောဂပြပွဲကြီး

YLFF

Platinum Sponsored by
Presented By NatRay Co.,Ltd.

တပ်မတော်ခန်းမ

LUCKY DRAW



Gold Sponsored by
INHOUSE

စုစုပေါင်းကျပ်(၁၀)သိန်းဖိုးဝယ်ယူသူတိုင်းကံစမ်းမဲတစ်စောင်ရရှိနိုင်မည့်အခွင့်အရေး

Organized by Thousand Islands Business Group


MPT
Moving Myanmar Forward
လိုတရ
Portal ကို
မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်
ဖွင့်လှစ်လိုက်ပါပြီ
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှ သင့်ရဲ့ဘတ်ဂျက်ကိုကူညီစီမံနိုင်ရန်
ငွေကြေး ၃၈ မျိုးပါဝင်သော နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို
အခမဲ့ စီစဉ်ပေးနေပါပြီ
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုအဂျက်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
ခေတ်မီတဲ့နောက်ဆုံးပေါ် ဖက်ရှင်တွေနဲ့ အတူရှိနေခြင်းဟာ
လူတွေကြားထဲမှာ ကျွန်မကိုထင်ပေါ်စေတယ်လေ
ဖုန်းနဲ့ရရှိထားသော နောက်ဆုံးရစီးပွားရေးသတင်းတွေက
ကျွန်တော်ရဲ့ လုပ်ငန်းတွေကို
အကောင်းဆုံးလုပ်နိုင်တဲ့ ယုံကြည်မှုတွေရရှိလာစေတယ်
lotayamm.com
MORE
လိုတရ
35
ရန်ကုန်
1,219.00 Ks/$
အခမဲ့ ဝန်ဆောင်မှုများ
News
Back
Home
Bookmarks
Tabs
ဂိုးးးး ! သင့်ရဲ့ဖုန်းဖြင့်
အားကစားသတင်းတွေကို
ဦးဆုံးတိုက်ရိုက်ရယူသိရှိနိုင်ပါပြီ
ဖျော်ဖြေရေးသတင်းတွေနဲ့
ဟာသအစီအစဉ်တွေကို ဝင်ရောက်ကြည့်ရှုခြင်းက
ကျွန်မရဲ့နေ့ရက်တွေကို ပြုံးပျော်စေပါတယ်
အနာဂတ်က မသေချာမှုတွေနဲ့ ပြည့်နှက်နေပေမယ့်လည်း
ကျွန်မရဲ့နေ့ရက်အများဆုံးမှာ ဘာတွေပြုလုပ်ရမလဲဆိုတာ
ဗေဒင်မှာကြည့်ခြင်းအားဖြင့်သိနိုင်ပြီလေ
အောင်မြင်ကျော်ကြားစေမယ့် အကြောင်းအရာတွေကို သိချင်ပါသလား။
ခေတ်ရေစီးကြောင်းတစ်လျှောက် လူကြိုက်များသူတို့ရဲ့
ဘဝအကြောင်းတွေကို ရယူသိရှိနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday




| သက်တမ်း | DATA ပမာဏ | ဈေးနှုန်း | အင်တာနက် နှုန်းထား | ဝယ်ယူရန် | |
|---|---|---|---|---|---|
| | | | | USSD Codeဖြင့် | SMSဖြင့် |
| (၁)ည | 250 MB | ၃၀၀ကျပ် | ၁ကျပ် ပြား၂၀/MB | *237*1# | 1N to 1332 |
| (၇)ည | 1 GB | ၁၀၀၀ကျပ် | ၁ ကျပ်/MB | *237*2# | 7N to 1332 |
| ညပေါင်း(၃၀) | 4 GB | ၃၂၀၀ကျပ် | ပြား ၈၀/MB | *237*3# | 30N to 1332 |

(၃၁-၃-၂၀၁၆)အထိ ရယူနိုင်ပါသည်။

ညစဉ် ည(၁၁) နာရီမှ နံနက်(၇)နာရီအတွင်း အသုံးပြုနိုင်ပါသည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- Promotion ကာလအတွင်း ညစဉ် ည (၁၁)နာရီ မှ နံနက် (၇)နာရီ အထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အသုံးပြုရန်သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- ည (၁၁)နာရီ မှ နံနက် (၇) နာရီ အတွင်း အင်တာနက်သုံးစွဲခများကို "Dataများနဲ့ည Package"မှသာ ကောက်ယူသွားမည်ဖြစ်ပါသည်။
- ဝယ်ယူထားသောPackageမှအင်တာနက်သုံးစွဲခများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ် ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
MPT OFFICIALသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကြော်ငြာ

ထက်အောင်လင်း 09-73040151
H.A.L TRAVELS
ချောင်းသာ
ဘာ့ဒ်ဖိုး 09-49215713, 09-440471633

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

GOLDEN CITY
✽ ချောင်းသာ/ငွေဆောင် - (နေ့စဉ်)
(တနင်္လာ-ကြာ-သောကြာ) 55000/-Mar-25
April-11,17

PPT Travels
မော်တင်စွန်း - 35000
(ထမင်းကျွေး/တည်းခိုခန်းစဗြိမ်း)
Ph:09-252606649
09-450623655

ငွေဆောင်သကြင်္န်
ဇရိဇ်ပြိ်န်း
120000/
Ph: 09-4210 78600
09-252641923

ရွှေကျိုက်ထီးရိုး
ကျိုက်ထီးရိုး (နေ့စဉ်)
Ph: 09-450 450 192

## UNIQUE STAR TRAVELS & TOURS

Cambodia - Bangkok (6D) ($ 550)
Phuket - Bangkok (6D) ($ 550)
Chiangmai-Bangkok (6D) ($ 450)
Bangkok-Phuket-Chiangmai ($ 650)
Chiangmai (4D) ($ 350)
Phuket (4D) ($ 350)

Bangkok-Pattaya-Ayuttaya (6D)
[Tiger Zoo, Alcaza Show, Nong Nooch Garden, Coral Island, Kao Chee Chan, King Power, Dream World, Safari World, Emerald Buddha, Baiyoke Sky Dinner, Cruise Dinner, Ayutthaya]
Mar: 23 , 26 / Apr: 2 ($ 350 / $ 400)
Apr: 10, 11, 12, 13, 14 ($ 400/ $ 450)

Europe Apr: 9, 12 ($ 4200)
America Apr: 8,12 ($ 5700)
Australia Apr:10,13 ($ 3400)
Greece Apr: 9,12 ($ 3700)
Bali Apr:12,14 ($ 950)
Japan Apr:11,12,13 ($ 2900)
Singapore Apr:11,14 ($ 900)
Hongkong Apr:10,11 ($ 1600)
Thai-Cambodia-Vietnam Apr:10,13,14 ($ 1300)
Cambodia-Vietnam Apr:11,13,14 ($ 950)
Vietnam Apr: 9,11,13 ($ 650)
Thai-S'pore-Malay Apr:10,13,14 ($ 1300)
Singapore-Malay Apr:10,11,13,14 ($ 950)
Langkawi-S'pore Apr:11,13,14 ($ 1200)

Yangon/Mandalay-Bangkok Airticket များကိုလက်ကားဈေးဖြင့်ရောင်းချနေပါသည်။
70/A, Kabaaye Pagoda Rd,860 4964-65-66, 708 353, 705 723, 09 7310 9133- 44- 55- 66.
No(126), 42th Street, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

## Royal Silver Swan Co.,Ltd (SS Tour)

အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း

- ပြင်ဦးလွင်-မန္တလေး-စစ်ကိုင်း(၃ညအိပ် ၄ရက်)
  March 25 (130,000ks), April 8, 15 (145,000 Ks)
- တောင်ကြီး-အင်းလေး-ပင်းတယ-မွေတော်ကက္ကူ (၃ညအိပ် ၄ရက်)
  March 25 (140,000ks), April 8, 15 (165,000 Ks)
- မန္တလေး-ကျောက်စိမ်းဘုရား-စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ(၃ညအိပ် ၄ရက်)
  March 25 (130,000ks), April 8, 15 (165,000 Ks)

ခရီးစဉ်အတွင်း အဆင့်မြင့်ဟိုတယ်၊ နေ့လည်စာ၊ ညစာများ (Set Menu)
သင်္ကြန်တွင်း ခရီးစဉ်ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ပါသည်။
Ph: 09-785403301,09-260112239,09-43177431

(10,Apr.2016 )သင်္ကြန်ခရီးစဉ်အထူး
Fully Light Travel & Tour ၏ အထူးခရီးစဉ်များ

- ဗယောင်ကောင်-ကော-စိမ်းဖြိုင်-ကွမ်ရိုး-ကျူဖိုင် ...(၈)ရက်ခရီး (1800.USD)
- စီယက်နမ်-ထိုစို့မင်း-ဟနွိုင်း -ဟလောင်ဘေး-ဟနွိုင်း ...(၆)ရက်ခရီး (950.USD)
- တိုကျိုယား-ဓာချွူ-ဘူဆန်-ဝဇော့င်ကျူ-ဆိုးလ်...(၈)ရက်ခရီး (2000.USD)
- ရှိုက်ကိုင်ကုန်း-ဓလောစနီ-ထဲန်ခဓနမ် ...(၈)ရက်ခရီး (2000.USD)
- မော်လ်ဒိုက်ခရီးစဉ်



ဆက်သွယ်ရန် 09-789 8888 91 ,09-4200 77861
01-503815 ,01-516932 , 01-516964 ,01-516985
ခုံခင်တာ-ခ (Block-B) (၀၀၁) အားဂရာလမ်းမခြမ်ကုန်းစမ်းချောင်းရန်ကုန်

အထူးအာစီအစဉ် Special Discount
ဒေဟျာရီ
ဆံပင်ဖြောင့် + ပေါင်းတင် + မျက်နှာပေါင်းတင်
အထူးဆံပင်ဖြောင့်ဆိုင်
အထူးနှုန်း 15000 ks.

၂၀၁၆ ခုနှစ် ၊ ဧပြီလ ထွက်ပြီ။



- Smart Worker တစ်ယောက်ဖြစ်ဖို့
- အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တွေ နိုင်ငံခြားခရီးသွားရင်
- မှန်ကန်သောခံယူချက်နှင့် အသံ
- ခေါင်းဆောင်ခရီးလမ်းအဆင့်ဆင့်
- နိုင်ငံရေးနှင့် စီးပွားရေးဆိုးထက်မှုအခနေအထား

တန်ဖိုး ၂,၅၀၀ကျပ်

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။



Gold Roast COFFEE MIX

ယနေ့ခေတ်တွင် Flavour ဟုခေါ်သော
အရသာတုများကို အစားအသောက်များတွင် ထည့်သွင်းလာကြပါတယ်။
ဒီတော့ ကျန်းမာရေး အတွက် မကောင်းဘူးပေါ့...။
သောက်သုံးသူ မိဘပြည်သူများ ယုံကြည်စိတ်ချစွာသောက်သုံးနိုင်ရန်
ဓါတုပစ္စည်း အရောအနှော လုံးဝမပါဝင်တဲ့...

ရင်တုန်ကင်းဝေး...ဆီမို့သက်လေးမို့ လှတိုင်းရင်မှာ
Gold Roast ပါ။

www.facebook.com/GoldRoastMyanmar

# မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတော် တည်ထောင်ဖွင့်လှစ်ခြင်းအတွက်

# ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

## ပြည်လမ်း၊ ရှမ်းစုရပ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။

## မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတော်ဘွဲ့

## "အတုလမဟာရွှေကျောင်းတော်" (အချိ အချည် ပဒည် ရတုပိုဒ်စုံ)

**မဟာအတုလ ▸▸** တုမရသည့် ၊ ဗုဒ္ဓစိန္တေ ၊ ပရမကား ၊ လေးသင်္ချေကိန်း ၊ ကပ်တစ်သိန်းမျှ၊ မယိမ်းမယိုင် ၊ ခွဲခိုင်ခိုင်ဖြင့် ၊ ဆယ်ခိုင်ပါရမီ ၊ စုံဖြည့်ညီ၍ ၊ သုံးလီလောက ၊ များသတ္တတို့ ၊ ဒုက္ခပင်လယ် ၊ ရေမြင်ကျယ်မှ ၊ ယူကယ်ထုတ်ဆောင် ၊ နိဗ္ဗာန်ခေါင်သို့ ၊ သယ်ဆောင်ပို့လျက် ၊ ကျောင်းတို့အမွန် ၊ ဇေတဝန်နှင့် ၊ ခေါ်တွင်ပုဗ္ဗာ ၊ ကျောင်းတော်သာတွင် ၊ လေးဖြာယာပိုထ် ၊ ပျော်စံပိုက်ခဲ့ ၊ ခေတ်လိုက်အုံ့ချိုး ၊ ကျောင်းတော်ကြီးကို ၊ ဆုကြီးပန်လာ ၊ ဝိသာခါနှင့် ၊ အနာထပိဏ်၊ ဂုဏ်သိရ်ကျော်ကြား ၊ သူဌေးများတို့ ၊ နတ်ဖျားဘုံပေါက် ၊ အုံ့ချီးလောက်အောင် ၊ များမြောက်ဥစ္စာ၊ စွန့်လှူပါခဲ့ ၊ ပမာထို့တူ ၊ ယခုမူလည်း ၊ ဂုဏ်ယူခလေးစား ၊ စံမူထား၍ ၊ ဘုရားသုတ ၊ ဝိဟာရကို၊ ဒေဝဝိမာန် ၊ ဘုံဆင့်ခံလျက် ၊ နတ်ဟန်ပြိုင်ရှု ၊ ဆောက်လှူပြုသည် ..... **အတုလမဟာကျောင်းတော်ဘုရား။**

**ဒကာအတုလ ▸▸** ဘွဲ့မည်ရသည့် ၊ ဗုဒ္ဓစိန္တေ ၊ ပရမေ၏ ၊ ခါနေလက်ထက် ၊ ထံတော်ရပ်၍ ၊ ကျောင်းမြတ်အမွန် ၊ ဇေတဝန်ကို ၊ ဆုမွန်ပန်ချိန် ၊ အနာထပိဏ်က ၊ ရွှေချိန်အသပြာ ၊ ထိစပ်ကာဖြင့်၊ ခနေရာဝယ်ယူ ၊ ကျောင်းဆောက်လှူသို့ ၊ စံယူပြုလျက် ၊ ဦးထွန်းလတ်နှင့် ၊ ဆုမြတ်စံပြ ၊ သုဓမ္မသိင်္ဂီ၊ ပါရမီဖြည့်နေ ၊ ဒေါ်မြရွှေနှင့် ၊ ချစ်ဆွေသမီးသား ၊ မြေးချစ်များတို့ ၊ စိတ်ထားကြည်ဖြူ ၊ ဆန္ဒတူ၍၊ ဝယ်ယူခြံမြေ၊ ကျောင်းဆောက်တွေနှင့် ၊ မီးရေအစုံ ၊ စေတီဘုံဖြင့် ၊ မုခ်စုံတံတိုင်း ၊ ရှေးပုံခိုင်းလျက်၊ တုနှိုင်းမမီ ၊ ပါရမီခေါ် ၊ ရွှေကျောင်းတော်ကို ၊ ရွှင်ပျော်စိတ်ထား ၊ မေတ္တာပွား၍ ၊ ကြိုးစားနေ့ည၊ ဆောက်လှူကြ၏ ၊ ပုံပြဆန်းကြယ် ၊ ရှေးမကွယ်ဘဲ ၊ ခေတ်ဝယ်ပုံပန်း ၊ တည်တွင်ဆန်းဖြာ ၊ ဗိသုကာဖြင့် ၊ ပညာသုတ ၊ တုမရသည် .... **အတုလဒကာကောင်းကျော်ဘုရား။**

**ဘာဂါအတုလ ▸▸** နှိုင်းမရသား ၊ ပုညမဟော် ၊ ရွှေကျောင်းတော်ကို ၊ ရည်မျှော်ဇာနည် ၊ ပေါ်ထွက်စည်၍ ၊ မြင့်ရှည်သာသနာ ၊ တိုးတက်သာဖို့ ၊ သုံးဖြာပိဋကတ် ၊ နှလုံးထက်၌ ၊ ကိန်းဝပ်စွဲထင် ၊ ဘုန်းရွှေစင်ဟု ၊ ခေါ်တွင်နဝမ ၊ တိပိဋကအရှင် ၊ ဦးထိပ်တင်၍ ၊ နောင်စဉ်အဆက် ၊ ဇာနည်မြတ်တို့ ၊ ရည်မှတ်ပြီးကာ ၊ အားထုတ်ပါ၏ ၊ ပညာလုပ်အား ၊ ဥစ္စာများဖြင့် ၊ စွမ်းအားအစုံ ၊ အားစိုက်ပုံ၍ ၊ လှူပုံဆန်းပြား၊ ကုသိုလ်များကြောင့် ၊ ဘုရားဆူဆူ ၊ စံတော်မူသည့် ၊ နိဗ္ဗူကွန်းခို၊ တောင်းဆုဆိုလျက် ၊ ထိုထိုဘဝ ၊ ဖြစ်ပြန်ရလည်း ၊ ဒုက္ခကင်းကွာ ၊ လွန်ချမ်းသာ၍ ၊ လိုရာပြီးမြောက် ၊ ကြံတိုင်းပေါက်စေ ၊ တောင်းဆုရွှေ၏ ၊ သဗ္ဗေသတ္တာ ၊ ပေါင်းများစွာတို့ ၊ ဘာဂါပုည ၊ အတူရလျက်၊ သုခချမ်းသာ ၊ ပြည့်စုံဖြာ၍ ၊ ကမ္ဘာမြေထု ၊ သက်သေပြုသည် .... **အတုလဘာဂါသောင်းကျော်ဘုရား။**

ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (ရွှေစင်တိပိဋကဓရ ဆရာတော်)

## မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတော် [ပြည်လမ်း၊ မင်္ဂလာဒုံ၊ ရန်ကုန်]

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓဂယာမြို့ တောင်ညောင်ပင်ရင်းဝယ် ဘုရားအဖြစ်ကို ရောက်ရှိတော်မူသည့် မြတ်စွာဘုရားရှင်သည် ထိုနှစ်ဝါဆိုလပြည့်နေ့ မိဂဒါဝုန်တောတွင် ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာမှစ၍ တရားတော်များကိုဟောတော်မူပြီး အခြားကျွတ်ထိုက်သည့် ပုဂ္ဂိုလ်များကိုလည်း တရားတော်များ ဆက်လက်ဟောတော်မူရာ တစ်ဝါတွင်းပတ်လုံး လွန်မြောက်သော် ရဟန္တာပေါင်းခြောက်ကျိပ်အထိ ရှိခဲ့လေသည်။ ပထမဝါမှ လွန်မြောက်သော် ရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့ . . . ငါသည် လူ၊ နတ်တို့၌ဖြစ်သော တဏှာရာဂမှ လွတ်ကင်းတော်မူခဲ့လေပြီ၊ အသင်တို့လည်း လူ၊ နတ်တို့၌ဖြစ်သော တဏှာရာဂမှ လွတ်ကင်းခဲ့ကြကုန်ပြီ" ဟု မိန့်တော်မူပြီး "ရဟန်းတို့ ကိလေသာနည်းပါးပြီး အသိဉာဏ်အားကောင်းသော သတ္တဝါအများ ရှိကြပေသည်။ ထိုသူတို့သည် တရားတော်ကို မနာကြားရသောကြောင့် ရသင့်သောတရားထူးမှ ယုတ်လျော့နေကြသည်၊ တရားကိုသိလွယ်၍ တရားထူးရနိုင်သူတွေ ရှိကြပေသည်" ဟု မိန့်တော်မူပြီး ခရီးတစ်ကြောင်းကို နှစ်ပါးမသွားကုန်လင့်ဟု မှာကြားကာ သာသနာပြု လွှတ်တော်မူသည်။

### * လွှတာဝမှာ – ဖြည့်ကျင့်ပါ *

**ယုံကြည်မှု – သရဏဂုံ – ၃ပါး၊**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။ ။ ဘုရားရှင်ကို ယုံကြည်ပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏။
ဓမ္မံ သရဏံ ဂစ္ဆာမိ ။ ။ ဘုရားရှင်ထုတ်ဖော်ဟောကြားအပ်သော တရားတော်များကို ယုံကြည်ပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏။
သံဃံ သရဏံ ဂစ္ဆာမိ ။ ။ သံဃာတော်အရှင်သူမြတ်များကို ယုံကြည်ပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏။

**တည့်မတ်မှု – မဇ္ဈိမပဋိပဒါ လမ်းစဉ် အကျင့်မြတ် – ၈ ပါး၊**

(၁) သမ္မာ ဒိဋ္ဌိ - မှန်ကန်စွာ သိမြင်ခြင်း၊ ကောင်းစွာသိမြင်ခြင်း။
(၂) သမ္မာ သင်္ကပ္ပ - မှန်ကန်စွာ ကြံစည်ခြင်း၊ ကောင်းစွာကြံစည်ခြင်း။
(၃) သမ္မာ ဝါစာ - မှန်ကန်စွာ ပြောဆိုခြင်း၊ ကောင်းစွာပြောဆိုခြင်း။
(၄) သမ္မာ ကမ္မန္တ - မှန်ကန်စွာ လုပ်ကိုင်ခြင်း၊ ကောင်းစွာလုပ်ကိုင်ခြင်း။
(၅) သမ္မာ အာဇီဝ - မှန်ကန်စွာ အသက်မွေးခြင်း၊ ကောင်းစွာအသက်မွေးခြင်း။
(၆) သမ္မာ ဝါယာမ - မှန်ကန်စွာ အားထုတ်ကြိုးစားခြင်း၊ ကောင်းစွာအားထုတ်ကြိုးစားခြင်း။
(၇) သမ္မာ သတိ - မှန်ကန်စွာ အောက်မေ့ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း။
(၈) သမ္မာ သမာဓိ - မှန်ကန်စွာ တည်ကြည်ခြင်း၊ ကောင်းစွာတည်ကြည်ခြင်း။

**ဖြည့်ကျင့်မှု – ပါရမီတရား ၁၀ ပါး၊**

(၁) ဒါန ပါရမီ - ပေးကမ်းစွန့်ကြဲလှူဒါန်း၍ ပါရမီဖြည့်ကျင့်ခြင်း။
(၂) သီလ ပါရမီ - (၅)ပါး၊ (၈)ပါး၊ (၉)ပါးစသည့် သီလတို့ကို စောင့်ထိန်း၍ ပါရမီဖြည့်ကျင့်ခြင်း။
(၃) နေက္ခမ္မ ပါရမီ - လောကီအာရုံ ကာမဂုဏ်ကို စွန့်လွှတ်၍ ပါရမီဖြည့်ကျင့်ခြင်း။
(၄) ပညာ ပါရမီ - လောကီ လောကုတ္တရာ ဉာဏ်ပညာ တိုးပွားအောင် ပါရမီဖြည့်ကျင့်ခြင်း။
(၅) ဝီရိယ ပါရမီ - ဖွဲ့ လုံ့လ ဝီရိယဖြင့် အမြဲကြိုးစား၍ ပါရမီဖြည့်ကျင့်ခြင်း။
(၆) ခန္တီပါရမီ - အရာရာတိုင်းကို သည်းခံ၍ ပါရမီဖြည့်ကျင့်ခြင်း။
(၇) သစ္စာ ပါရမီ - အမြဲတမ်း မှန်ကန်သောစကားပြောဆို၍ ပါရမီဖြည့်ကျင့်ခြင်း။
(၈) အဓိဋ္ဌာန ပါရမီ - စိတ်ဆုံးဖြတ်သည့်အတိုင်း စွဲမြဲခိုင်မာစွာပြုလုပ်၍ ပါရမီဖြည့်ကျင့်ခြင်း။
(၉) မေတ္တာ ပါရမီ - သူတပါးအကျိုးကိုလိုလား၍ သတ္တဝါတိုင်းအပေါ် မေတ္တာထားကာ ပါရမီဖြည့်ကျင့်ခြင်း။
(၁၀) ဥပေက္ခာ ပါရမီ - ဆင်းရဲချမ်းသာမှုအပေါ် တုန်လှုပ်မှုမရှိဘဲ လျစ်လျူရှု၍ ပါရမီဖြည့်ကျင့်ခြင်း။

**အားထုတ်မှု – သစ္စာလေးပါးတရား၊**

(၁) ဒုက္ခသစ္စာ - ဆင်းရဲ အမှန်တရားကို သိမြင်ခြင်း။
(၂) ဒုက္ခ သမုဒယ သစ္စာ - ဆင်းရဲကို ဖြစ်စေသည့် အမှန်တရားကို သိမြင်ခြင်း။
(၃) ဒုက္ခ နိရောဓ သစ္စာ - ဆင်းရဲကို ချုပ်ငြိမ်းစေသည့် အမှန်တရားကို သိမြင်ခြင်း။
(၄) ဒုက္ခ နိရောဓ ဂါမိနိပဋိပဒါ မဂ္ဂ သစ္စာ - ဆင်းရဲကို ချုပ်ငြိမ်းရာသို့ရောက်စေသည့် အမှန်တရားကို သိမြင်ခြင်း။

ဟူသော ဤသစ္စာလေးပါးကို ကိုယ်တိုင်အားထုတ်သိမြင်ပြီး ဘဝသံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ကြပါစေ။

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ ဆရာတော်နှင့် (ဦးထွန်းလတ်)+သုဓမ္မသိင်္ဂီ ဒေါ်မြရွှေမိသားစုမှ ပေါင်းစုတည်ထောင်အပ်သော မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတော်ကြီး အောင်မြင်စွာ တည်ထောင်ဖွင့်လှစ်နိုင်သည့်အတွက် အ. ထ. က (၃) လှိုင် အငြိမ်းစား ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများမှ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူလျက်ရှိပါသည်။**


အကောင်းဆုံး ဖုန်းအသစ်များနှင့်
တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့
• ဆင်းမ်နှစ်ကတ်သုံး
• ကျယ်ပြန့်သော မျက်နှာပြင်
ooredoo
G9
၂၀,၀၀၀ ကျပ်
တစ်နှစ်အာမခံ
Smart9
၃၀,၀၀၀ ကျပ်
တစ်နှစ်အာမခံ
Smart10
၃၀,၀၀၀ ကျပ်
တစ်နှစ်အာမခံ
3G
3G

Hot Line No-0930500100

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

စန်းယ မတ် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းယမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် မတ် ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ပထမအကြိမ် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့❐




ပထမအကြိမ် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

# ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၃

**ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကိုဖြေလျော့စေရေးအတွက် မရမ်းကုန်းမြို့နယ်ရှိ ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ်စီမံကိန်း (8 Miles Junction Flyover Bridge)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက တံတားအနီးအောက်ခြေ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊တာဝန်ယူတည်ဆောက်သော Crown Advanced Construction ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**



မရမ်းကုန်းမြို့နယ်ရှိ ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ်ကို ညပိုင်းတွင် တွေ့ရစဉ်။ [ဓာတ်ပုံ-ဌေးအောင်]

အဆိုပါ မရမ်းကုန်းမြို့နယ်ရှိ၈ မိုင်လမ်းဆုံခုံးကျော်တံတားသစ်စီမံကိန်း (8 Miles Junction Flyover Bridge)ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးလှမြင့်နှင့် Crown Advanced Constru - ction ကုမ္ပဏီလီမိတက်မှ စီမံကိန်း ဒါရိုက်တာဦးသန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် Crown Advanced Construction ကုမ္ပဏီလီမိတက်မှ အဆိုပါ ၈ မိုင်လမ်းဆုံ

စာမျက်နှာ ၃ ကော်လံ ၁ သို့❖

ယနေ့ မာတိကာ

မန္တလေးမြို့ရှိ ဘုရားပုထိုးစေတီတော်များ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကား
စာမျက်နှာ » ၅

သမ္မတ အိုဘားမား အာဂျင်တီးနားသို့ ရောက်ရှိ
စာမျက်နှာ » ၁၁

ရေဖြုန်း၊ ငွေဖြုန်း ကြဦးမှာလား
စာမျက်နှာ » ၁၅




themirror.npt@gmail.com
www.facebook.com/themirrordaily